**( ၁၃-၆-၂၀၁၇ )ရက်နေ့၊ YSX Website တွင် တင်ခဲ့သော မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးသို့ တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ စာပိုဒ် (၁၉) အမှားပြင်ဆင်ခြင်း။**

(၁၃-၆-၂၀၁၇)ရက်နေ့၊ YSX Website တွင် လွှင့်တင်ခဲ့သော (၂၅) ကြိမ်မြောက် အထွေထွေအစည်းအဝေးကြီးသို့ တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၏ စာပိုဒ်(၁၉) နိုင်ငံခြားငွေဝန်ဆောင်မှုလုပ်ငန်း ခေါင်းစဉ်ပါ စာပိုဒ်ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားငွေဝန်ဆောင်မှုလုပ်ငန်း**

၁၉။ **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံခြားငွေ ဝန်ဆောင်မှုမှ ဝင်ငွေရရှိမှု အခြေအနေအား အောက်ပါအတိုင်း နှိုင်းယှဉ်တင်ပြအပ်ပါသည်-**

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | တိုးတက်မှုအခြေအနေ |
|---|---|---|---|---|
| (က) | Export, Import | ၃၂၁၀. ၃၀ | ၁၈၀. ၅၇ | (-) ၁၄၀. ၇၃ |
| ( ခ ) | Money Transfer Services,Remittance | ၁၀. ၁၀ | ၁၇. ၈၀ | (+) ၇. ၇၀ |
| ( ဂ ) | Bank Guarantee | ၇. ၁၀ | ၂၁. ၁၆ | (+) ၁၄. ၀၆ |
| (ဃ) | Account Transfer | ၈၇. ၅၀ | ၁၈၉. ၄၆ | (+) ၁၀၁. ၉၆ |
| ( င ) | FX | ၈၇၁. ၂၀ | ၇၆၉. ၇၄ | (-) ၁၀၁. ၄၆ |
| ( စ ) | Exchange Transaction | ၁၆၁၆. ၁၀ | ၁၉၃၄. ၄၇ | (+) ၃၁၈. ၃၇ |
| | **Total Income** | **၂၉၁၃. ၃၀** | **၃၁၁၃. ၂၀** | **(+) ၁၉၉. ၉၀** |

# မြန်မာနိုင်ငံသားများဘဏ်လီမိတက်

## ရန်ကုန်မြို့

(၂၅)ကြိမ်မြောက် အထွေထွေအစည်းအဝေးကြီးသို့
တင်သွင်းသည့်

# ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ ဇူလိုင်လ ( ၈ ) ရက်

# မြန်မာနိုင်ငံသားများဘဏ်လီမိတက်
# ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်
# (၂၅)ကြိမ်မြောက် အထွေထွေအစည်းအဝေးကြီးသို့ တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ဒါရိုက်တာအဖွဲ့ | ၂ |
| ၃။ | ကော်မတီများ | ၄ |
| ၄။ | မတည်ရင်းနှီးငွေ အခြေအနေ | ၅ |
| ၅။ | အမြတ်ငွေနှင့် အမြတ်ခွဲဝေမှု | ၇ |
| ၆။ | ဆောင်ရွက်လျက်ရှိသော လုပ်ငန်းကဏ္ဍများအလိုက်ဝင်ငွေရရှိမှု | ၉ |
| ၇။ | နိုင်ငံခြားငွေလုပ်ငန်း ဆောင်ရွက်ခြင်း | ၁၀ |
| ၈။ | နိုင်ငံခြားငွေ ဝန်ဆောင်မှုလုပ်ငန်း | ၁၂ |
| ၉။ | နိုင်ငံတကာ ငွေလွှဲလုပ်ငန်းများ | ၁၂ |
| ၁၀။ | Visa Card, Master Card Acquiring နှင့် Issuing လုပ်ငန်း | ၁၂ |
| ၁၁။ | Myanmar Payment Union (MPU) | ၁၃ |
| ၁၂။ | Mobile Payment၊ E-payment စနစ် စတင်ဆောင်ရွက်ခြင်း | ၁၃ |
| ၁၃။ | ချေးငွေလုပ်ငန်း၊အငှားဝယ်စနစ်(Hire Purchase)လုပ်ငန်း | ၁၅ |
| ၁၄။ | SMEs Two Step Loan | ၁၆ |
| ၁၅။ | လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဆောင်ရွက်ခြင်း | ၁၈ |
| ၁၆။ | Yangon Stock Exchange တွင် Share ရောင်းဝယ်မှုအခြေအနေ၊ ငွေကြေးခိုင်မာမှုအခြေအနေ | ၁၈ |
| ၁၇။ | အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှု | ၁၉ |
| ၁၈။ | ဘဏ်စာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းများစစ်ဆေးခြင်း | ၂၀ |
| ၁၉။ | အကျိုးအမြတ်ခွဲဝေလျာထားခြင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဖြစ်ပေါ်မှုများ၊ | ၂၁ |
| ၂၀။ | ရှေ့လုပ်ငန်းစဉ်များ | ၂၂ |
| ၂၁။ | နိဂုံး | ၂၅ |
| ၂၂။ | **နောက်ဆက်တွဲများ** | |

# မြန်မာနိုင်ငံသားများဘဏ်လီမိတက်
# ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်
# (၂၅)ကြိမ်မြောက် အထွေထွေအစည်းအဝေးကြီးသို့ တင်သွင်းသည့်
# ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

**နိဒါန်း**

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်အား မြန်မာနိုင်ငံ အထူးကုမ္ပဏီများ အက်ဥပဒေ အရ ကုမ္ပဏီများမှတ်ပုံတင်ရုံး၏ ၃၀-၁၀-၉၁ ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၂၇၄/၁၉၉၁-၉၂) ဖြင့် မှတ်ပုံတင်၍ အများပိုင်ကုမ္ပဏီလီမိတက်အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ၂၅-၅-၁၉၉၂ ရက်စွဲပါ လုပ်ငန်းလိုင်စင်အမှတ် မဗဘ/ဂျေ (အိုင်) - ၁ (၅) ၁၉၉၂ ဖြင့် ခွင့်ပြုချက်အရ ၂-၆-၁၉၉၂ ရက်နေ့မှစ၍ အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဘဏ်ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။

၂။ ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂)ရက်နေ့တွင် ဘဏ်လုပ်ငန်းသက်တမ်း (၂၅)နှစ်ပြည့်သည့် ငွေရတုသဘင်အခမ်းအနားကို အောင်မြင်စွာရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

၃။ ဘဏ်စတင်တည်ထောင်စဉ်က အစုရှယ်ယာများကို ဖက်စပ်ကော်ပိုရေးရှင်းများနှင့် အများပြည်သူက ပိုင်ဆိုင်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်တွင် ဖက်စပ်ကော်ပိုရေးရှင်းများကို ဖျက်သိမ်းခဲ့ရာ ဖက်စပ်ကော်ပိုရေးရှင်းများ၏ အစုရှယ်ယာများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းသက်သာ အဖွဲ့အစည်းများမှ ဝယ်ယူခဲ့ပါသည်။

**ဘဏ်ခွဲများဖွင့်လှစ်ခြင်း**

၄။ ဘဏ်သက်တမ်း (၂၅)နှစ်ကာလအတွင်း ရန်ကုန်မြို့နှင့် တိုင်းနှင့်ပြည်နယ် အသီးသီး တွင် အောက်ပါအတိုင်း ဘဏ်ခွဲနှင့် ဘဏ်ခွဲငယ်စုစုပေါင်း (၂၃)ဘဏ်အား ဖွင့်လှစ်နိုင်ခဲ့ပါသည်-

| | ဘဏ်/ဘဏ်ခွဲအမည် | ဖွင့်လှစ်သည့်နေ့ |
|---|---|---|
| (က) | ကျောက်တံတားဘဏ်ခွဲ | ၂-၆-၁၉၉၂ |
| ( ခ ) | မန္တလေးဘဏ်ခွဲ | ၆-၆-၁၉၉၆ |
| ( ဂ ) | ဘုရင့်နောင်ဘဏ်ခွဲ | ၁၂-၅-၂၀၁၁ |
| (ဃ) | နေပြည်တော်ဘဏ် | ၂၂-၆-၂၀၁၁ |
| ( င ) | မြင်းခြံဘဏ်ခွဲ | ၁၂-၈-၂၀၁၁ |
| ( စ ) | မုံရွာဘဏ်ခွဲ | ၁၅-၈-၂၀၁၁ |
| (ဆ) | မူဆယ်ဘဏ်ခွဲ | ၁၇-၁၀-၂၀၁၁ |

| | | |
|---|---|---|
| (ဇ) | ရေစကြိုဘဏ်ခွဲ | ၁၄-၁၂-၂၀၁၂ |
| (ဈ) | တန့်ဆည်ဘဏ်ခွဲ | ၂၆-၄-၂၀၁၃ |
| (ည) | မန္တလေးဘဏ်ခွဲငယ် | ၁၂-၇-၂၀၁၃ |
| (ဋ) | မုံရွာဘဏ်ခွဲငယ် | ၂၃-၈-၂၀၁၃ |
| (ဌ) | ဒေါပုံဘဏ်ခွဲငယ် | ၂၀-၁၂-၂၀၁၃ |
| (ဍ) | လားရှိုးဘဏ်ခွဲ | ၁-၃-၂၀၁၄ |
| (ဎ) | အောင်လံဘဏ်ခွဲ | ၂၀-၆-၂၀၁၄ |
| (ဏ) | ဘုရင့်နောင်ဘဏ်ခွဲငယ် | ၂၅-၁၀-၂၀၁၄ |
| (တ) | ပန်းဘဲတန်းဘဏ်ခွဲငယ် | ၁၇-၁၂-၂၀၁၄ |
| (ထ) | ပုဇွန်တောင်ဘဏ်ခွဲ | ၆-၁၂-၂၀၁၅ |
| (ဒ) | မြောက်ဥက္ကလာပဘဏ်ခွဲ | ၁-၃-၂၀၁၆ |
| (ဓ) | ပြည်ဘဏ်ခွဲ | ၁-၅-၂၀၁၆ |
| (န) | လသာဘဏ်ခွဲ | ၄-၆-၂၀၁၆ |
| (ပ) | စစ်တွေဘဏ်ခွဲ | ၇-၆-၂၀၁၆ |
| (ဖ) | မန္တလေးဘဏ်ခွဲ-၂ | ၂-၁၀-၂၀၁၆ |
| (ဗ) | ပုသိမ်ဘဏ်ခွဲ | ၁၇-၁-၂၀၁၇ |

၅။ ကျန်ရှိသည့် တိုင်းဒေသကြီးများတွင်လည်း စီးပွားရေးတွက်ချေကိုက်မည့် ဒေသများ၌ ၂၀၁၉ နှစ်အတွင်း ဘဏ်ခွဲ (၅၀)အထိ ဖွင့်လှစ်ရန် ဖြစ်နိုင်ခြေများ လေ့လာပြီး ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

၆။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ သင်းဖွဲ့စည်းမျဉ်း အပိုဒ် (၇၄) တွင် ဒါရိုက်တာအဖွဲ့ဝင်ဦးရေကို သီးခြားလွတ်လပ်သည့် ဒါရိုက်တာ (၂)ဦးနှင့် ရှယ်ယာရှင် (၁၀)ဦး စုစုပေါင်း အများဆုံး (၁၂)ဦးဖွဲ့စည်းထားပါသည်။

၇။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (၂၄) ကြိမ်မြောက်၊ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကြီး၏ သဘောတူ အတည်ပြုချက်အရ တစ်ဖက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ပါသည် -

# မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ ဒါရိုက်တာအဖွဲ့

**ဒါရိုက်တာများ**

| စဉ် | အမည် ၊ ရာထူး ၊ ဌာန | | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာ သန်းမြင့်၊ ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | နာယက |
| ( ခ ) | ဦးတိုးအောင်မြင့်၊ အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | ဥက္ကဌ |
| ( ဂ ) | ဦးရန်နိုင်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးနိုင်(ခ) ဦးကိုကိုကြီး | Capital Diamond Star Group Ltd. | အဖွဲ့ဝင် |
| ( င ) | ဦးလှဦး | Director<br>Good Brother's Co.,Ltd. | အဖွဲ့ဝင် |
| ( စ ) | ဦးထွန်းလွင် | M.D<br>Shwe Me' Co.,Ltd. | အဖွဲ့ဝင် |
| (ဆ) | ဦးအုန်းဆိုင် | Director<br>New Golden Gate (1991)Co., Ltd. | အဖွဲ့ဝင် |
| ( ဇ ) | ဦးအောင်အောင် | CEO<br>IT Consultand, Ahtar Oo Co.,Ltd. | အဖွဲ့ဝင် |
| ( ဈ ) | ဦးမောင်မောင်တင် | M.D<br>Farmer Phoyarzar Group of Co., Ltd. | အဖွဲ့ဝင် |
| (ည) | ဦးဇေယျသူရမွန် | CEO<br>Zeya & Associates Co.,Ltd. | အဖွဲ့ဝင် |
| ( ဋ ) | ဦးဇော်လင်းထွဋ် | သီးခြားလွတ်လပ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ( ဌ ) | ဒေါက်တာမောင်အောင် | သီးခြားလွတ်လပ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ( ဍ ) | ဦးမြင့်ဝင်း | အုပ်ချုပ်မှုဒါရိုက်တာ<br>မြန်မာနိုင်ငံသားများဘဏ်လီမိတက် | အတွင်းရေးမှူး |

**ကော်မတီများ**

၈။ ဒါရိုက်တာများပါဝင်သော ကော်မတီ (၆)ရပ်ကိုလည်း ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည် -

**(က) ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီ**

| **စဉ်** | **အမည်** | **ရာထူး/အဆင့်** | **တာဝန်** |
|---|---|---|---|
| ၁။ | ဒေါက်တာဦးကိုကိုကြီး | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂။ | ဦးတိုးအောင်မြင့် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၃။ | ဦးထွန်းလွင် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄။ | ဦးဇေယျသူရမွန် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၅။ | ဦးမြင့်ဝင်း | အုပ်ချုပ်မှုဒါရိုက်တာ | အဖွဲ့ဝင် |

**( ခ ) ချေးငွေကော်မတီ**

| **စဉ်** | **အမည်** | **ရာထူး/အဆင့်** | **တာဝန်** |
|---|---|---|---|
| ၁။ | ဦးအုန်းဆိုင် | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂။ | ဦးမောင်မောင်တင် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃။ | ဦးလှဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄။ | ဦးအောင်အောင် | ဒါရိုက်တာ | အဖွဲ့ဝင် |

**( ဂ ) လစာချီးမြှင့်ရေးကော်မတီ**

| **စဉ်** | **အမည်** | **ရာထူး/အဆင့်** | **တာဝန်** |
|---|---|---|---|
| ၁။ | ဒေါက်တာဦးကိုကိုကြီး | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂။ | ဦးတိုးအောင်မြင့် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ၃။ | ဦးဇေယျသူရမွန် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄။ | ဦးမြင့်ဝင်း | အုပ်ချုပ်မှုဒါရိုက်တာ | အဖွဲ့ဝင် |

**( ဃ ) စာရင်းစစ်ကော်မတီ**

| **စဉ်** | **အမည်** | **ရာထူး/အဆင့်** | **တာဝန်** |
|---|---|---|---|
| ၁။ | ဦးဇော်လင်းထွန်း | သီးခြားလွတ်လပ်သည့် ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂။ | ဦးသန်းဝင်းရွှေ | ဥပဒေ(အကြံပေး) | အဖွဲ့ဝင် |
| ၃။ | ဦးတင့်လွင် | ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) မြန်မာ့ကုန်တိုက် | အဖွဲ့ဝင် |

( င ) ပေးရန်တာဝန်နှင့်ရရန်ပိုင်ခွင့်များ စီမံခန့်ခွဲရေး ကော်မတီ

| စဉ် | အမည် | ရာထူး/အဆင့် | တာဝန် |
|---|---|---|---|
| ၁။ | ဦးထွန်းလွင် | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂။ | ဦးလှဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃။ | ဦးမြင့်ဝင်း | အုပ်ချုပ်မှုဒါရိုက်တာ | အဖွဲ့ဝင် |

( စ ) Compliance and Disclosure ကော်မတီ

| စဉ် | အမည် | ရာထူး/အဆင့် | တာဝန် |
|---|---|---|---|
| ၁။ | ဒေါက်တာဦးကိုကိုကြီး | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂။ | ဦးမြင့်ဝင်း | အုပ်ချုပ်မှုဒါရိုက်တာ | အဖွဲ့ဝင် |
| ၃။ | ဦးသန်းဝင်းရွှေ | ဥပဒေ(အကြံပေး) | အဖွဲ့ဝင် |
| ၄။ | ဒေါက်တာဦးမောင်အောင် | သီးခြားလွတ်လပ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ၅။ | ဦးဇော်လင်းထွန်း | သီးခြားလွတ်လပ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |

၉။ ကော်မတီအသီးသီးမှ အစည်းအဝေးများပြုလုပ်၍ စစ်ဆေးတွေ့ရှိချက်များကို ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ တင်ပြ၍ ဆွေးနွေးသုံးသပ်ပြီး ဆုံးဖြတ်ချက်များချ၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။


**မတည်ရင်းနှီးငွေအခြေအနေ**

၁၀။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ခွင့်ပြုမတည်ငွေရင်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ၂-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) ဖြင့် ကျပ်သန်း (၇၅၀၀၀) ထိ ခွင့်ပြုထားပါသည်။ ထည့်ဝင်ပြီး မတည်ငွေရင်းမှာ တစ်ဖက်ဖော်ပြပါ အတိုင်း ကျပ် (၅၂)ဘီလျံရှိပြီဖြစ်ပါသည် -

(ကျပ်သန်းပေါင်း)

| | ဘဏ္ဍာနှစ် | ထည့်ဝင်သည့် ရှယ်ယာတန်ဖိုး | အဆင့်ဆင့်ပေါင်း ရှယ်ယာတန်ဖိုး | တိုးတက်မှု ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ၁၉၉၁-၁၉၉၂ မှ ၁၉၉၆-၁၉၉၇ ထိ | - | ၁၁၀.၀၀၀ | - |
| (ခ) | ၂၀၀၂-၂၀၀၃ | ၅၀.၀၀၀ | ၁၆၀.၀၀၀ | ၄၅.၄၅% |
| (ဂ) | ၂၀၀၄-၂၀၀၅ | ၆၀.၀၀၀ | ၂၂၀.၀၀၀ | ၃၇.၅၀% |
| (ဃ) | ၂၀၀၆-၂၀၀၇ | ၁၅၄.၂၅၀ | ၃၇၄.၂၅၀ | ၇၀.၁၁% |
| (င) | ၂၀၀၇-၂၀၀၈ | ၄၈၇.၀၄၅ | ၈၆၁.၂၉၅ | ၁၃၀.၁၄% |
| (စ) | ၂၀၀၈-၂၀၀၉ | ၃၈.၇၀၅ | ၉၀၀.၀၀၀ | ၄.၄၉% |
| (ဆ) | ၂၀၀၉-၂၀၁၀ | ၂၃၂၃.၈၀၇ | ၃၂၂၃.၈၀၇ | ၂၅၈.၂၀% |
| (ဇ) | ၂၀၁၀-၂၀၁၁ | ၅၈.၀၂၃ | ၃၂၈၁.၈၃၀ | ၁.၈၁% |
| (ဈ) | ၂၀၁၁-၂၀၁၂ | ၁၅၀၀.၆၇၀ | ၄၇၈၂.၅၀၀ | ၄၅.၇၃% |
| (ည) | ၂၀၁၂-၂၀၁၃ | ၁၃၀၇၈.၀၉၂ | ၁၇၈၆၀.၅၉၂ | ၂၇၃.၄၆% |
| (ဋ) | ၂၀၁၃-၂၀၁၄ | ၄၁၀.၂၈၉ | ၁၈၂၇၀.၈၈၁ | ၂.၃၀% |
| (ဌ) | ၂၀၁၄-၂၀၁၅ | ၁၈၈၄၁.၉၄၅ | ၃၇၁၁၂.၈၂၆ | ၁၀၃.၁၃% |
| (ဍ) | ၂၀၁၅-၂၀၁၆ | ၁၂၇၅၆.၉၃၉ | ၄၉၈၆၉.၇၆၅ | ၃၄.၃၇% |
| (ဎ) | ၂၀၁၆-၂၀၁၇ | ၂၁၃၅.၁၆၅ | ၅၂၀၀၄.၉၃၀ | ၄.၂၈% |

**မတည်ရင်းနှီးငွေ**



၁၁။ ထည့်ဝင်ပြီး မတည်ငွေရင်းကျပ် (၅၂၀၀၄.၉၃၀)သန်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကျပ် (၅၁၁၇.၀၅၅)သန်းနှင့် အများပြည်သူမှ ကျပ် (၄၆၈၈၇.၈၇၅)သန်း ဖြစ်ပါသည်။

**အမြတ်ငွေနှင့် အမြတ်ခွဲဝေမှု**


၁၂။ မြန်မာနိုင်ငံသားများဘဏ်ကို တည်ထောင်ခဲ့သည့် ၁၉၉၂-၁၉၉၃ ခုနှစ်မှစ၍ နှစ်စဉ်ရရှိလာသည့် အမြတ်ငွေအပေါ် မူတည်ပြီး၊ နိုင်ငံတော်သို့ ဝင်ငွေခွန်များ ပေးဆောင်ခြင်းနှင့် အစုရှယ်ယာရှင်များအား သင့်တင့်လျောက်ပတ်သော အမြတ်ဝေစုများ ခွဲဝေပေးလျက်ရှိခဲ့ရာ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၅)နှစ်တာ ကာလအတွင်း ရရှိခဲ့သည့် အမြတ်ငွေပမာဏ စုစုပေါင်း ကျပ်(၃၁.၂)ဘီလျံဖြစ်ပြီး ပေးဆောင်ခဲ့သည့် ဝင်ငွေခွန် ကျပ် (၈.၀၄)ဘီလျံနှင့် အမြတ်ဝေစုမှာ ကျပ် (၁၃.၆)ဘီလျံဖြစ်ပါသည်။ နှစ်အလိုက် အမြတ်ငွေ၊ ဝင်ငွေခွန်နှင့် အမြတ်ဝေစုပမာဏများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(ကျပ်သန်းပေါင်း)**


| နှစ် | အမြတ်ငွေ ပမာဏ | ပေးဆောင်သည့် ဝင်ငွေခွန် | အမြတ်ဝေစု ( % ) | အမြတ်ဝေစု ပမာဏ |
|---|---|---|---|---|
| ၁၉၉၂-၁၉၉၃ | ၂.၆၆ | ၀.၇၉ | - | - |
| ၁၉၉၃-၁၉၉၄ | ၂၂.၉၇ | ၆.၈၉ | ၁၈% | ၁၁.၉၂ |
| ၁၉၉၄-၁၉၉၅ | ၃၄.၂၁ | ၉.၉၈ | ၂၀% | ၁၅.၆၀ |
| ၁၉၉၅-၁၉၉၆ | ၅၂.၇၀ | ၁၅.၁၈ | ၂၃% | ၂၀.၃၉ |
| ၁၉၉၆-၁၉၉၇ | ၈၂.၉၂ | ၂၃.၆၇ | ၂၅% | ၂၅.၅၁ |
| ၁၉၉၇-၁၉၉၈ | ၁၀၉.၉၅ | ၃၂.၉၈ | ၂၅% | ၂၇.၅၀ |
| ၁၉၉၈-၁၉၉၉ | ၁၂၆.၉၁ | ၃၈.၅၀ | ၂၅% | ၂၇.၅၀ |
| ၁၉၉၉-၂၀၀၀ | ၈၆.၁၃ | ၂၇.၅၀ | ၂၅% | ၂၇.၅၀ |
| ၂၀၀၀-၂၀၀၁ | ၁၀၈.၅၆ | ၃၄.၀၀ | ၂၅% | ၂၇.၅၀ |
| ၂၀၀၁-၂၀၀၂ | ၉၂.၀၃ | ၂၉.၀၀ | ၂၅% | ၂၇.၅၀ |
| ၂၀၀၂-၂၀၀၃ | ၁၀၆.၂၁ | ၃၃.၀၀ | ၂၅% | ၃၃.၇၅ |
| ၂၀၀၃-၂၀၀၄ | ၁၄၄.၀၀ | ၄၄.၀၀ | ၂၅% | ၄၀.၀၀ |
| ၂၀၀၄-၂၀၀၅ | ၈၅.၂၃ | ၂၆.၅၀ | ၂၀% | ၄၀.၀၀ |
| ၂၀၀၅-၂၀၀၆ | ၁၅၆.၃၁ | ၄၆.၅၀ | ၂၅% | ၅၅.၀၀ |
| ၂၀၀၆-၂၀၀၇ | ၂၂၂.၇၂ | ၆၈.၀၀ | ၂၅% | ၈၀.၇၆ |
| ၂၀၀၇-၂၀၀၈ | ၃၀၁.၀၁ | ၉၀.၅၀ | ၂၂% | ၁၄၀.၅၅ |

| | | | | |
|---|---|---|---|---|
| ၂၀၀၈-၂၀၀၉ | ၅၁၈.၃၄ | ၁၅၇.၅၀ | ၂၅% | ၂၂၁.၅၁ |
| ၂၀၀၉-၂၀၁၀ | ၇၀၇.၄၄ | ၂၁၀.၀၀ | ၁၆% | ၃၂၄.၆၂ |
| ၂၀၁၀-၂၀၁၁ | ၁၀၉၅.၉၄ | ၃၁၅.၀၀ | ၁၇% | ၅၅၆.၁၈ |
| ၂၀၁၁-၂၀၁၂ | ၁၄၅၆.၄၉ | ၃၉၀.၀၀ | ၁၃% | ၆၂၂.၀၁ |
| ၂၀၁၂-၂၀၁၃ | ၂၃၉၉.၃၀ | ၅၉၄.၆၀ | ၁၃% , ၁.၂% | ၉၅၄.၈၁ |
| ၂၀၁၃-၂၀၁၄ | ၃၃၅၀.၅၈ | ၈၃၇.၆၄ | ၁၃% , ၇.၇၅% | ၁၅၃၆.၅၅ |
| ၂၀၁၄-၂၀၁၅ | ၅၁၀၇.၀၇ | ၁၂၈၁.၄၀ | ၁၃% , ၉%, ၂.၈% | ၂၂၆၉.၉၃ |
| ၂၀၁၅-၂၀၁၆ | ၇၀၉၅.၆၅ | ၁၇၇၃.၈၂ | ၁၃% , ၈.၃% | ၃၃၉၇.၃၈ |
| ၂၀၁၆-၂၀၁၇ | ၇၈၁၇.၆၄ | ၁၉၅၄.၃၈ | ၆% | ၃၁၂၀.၃၀ |
| **စုစုပေါင်း** | **၃၁၂၈၂.၉၇** | **၈၀၄၁.၃၃** | | **၁၃၆၀၄.၂၇** |

**အမြတ်ငွေ**





**အမြတ်ဝေစု**




၁၃။ ဖော်ပြပါအတိုင်း တစ်နှစ်ထက်တစ်နှစ် ဝင်ငွေများ တိုးတက်လာခဲ့သဖြင့် နိုင်ငံတော်သို့ အခွန်ငွေများလည်း တစ်နှစ်ထက်တစ်နှစ်တိုး၍ ထည့်ဝင်ပေး နိုင်ခဲ့ပါသည်။ ၂၀၁၅ - ၂၀၁၆ အတွက် စည်းကြပ်သော ဘဏ္ဍာနှစ်တွင် အခွန်အများဆုံး ပေးဆောင်သော အခွန်ထမ်း (၅၀)စာရင်းတွင် အဆင့် (၃၃)နေရာတွင် ရှိခဲ့ပြီး၊ ဘဏ်များ၏ အခွန်အများဆုံး ပေးဆောင်သော စာရင်းတွင် အဆင့် (၁၀)နေရာ ရှိခဲ့ပါသည်။

**ဝင်ငွေခွန်**





**ဆောင်ရွက်လျက်ရှိသော လုပ်ငန်းကဏ္ဍများအလိုက် ဝင်ငွေရရှိမှု**

၁၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေများနှင့် အညီ ဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသားများဘဏ်၏ လုပ်ငန်းကဏ္ဍ အားလုံးတွင် အောက်ပါအတိုင်း တိုးတက် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်-


(ကျပ်သန်းပေါင်း)

| | **၁၉၉၃** | **၁၉၉၇** | **၂၀၀၁** | **၂၀၀၅** | **၂၀၀၉** | **၂၀၁၃** | **၂၀၁၇** |
|---|---|---|---|---|---|---|---|
| စာရင်းရှင်အပ်ငွေ (ကျပ်) | ၁၃၅ | ၉၅၅ | ၈၁၄ | ၃၀၀၄ | ၄၅၅၁ | ၉၈၀၈ | ၁၃၄၇၃ |
| စာရင်းရှင်အပ်ငွေ (FC) | | ၉ | | | | ၃၄၀၁ | ၇၆၅၈ |
| ငွေစုဘဏ်အပ်ငွေ | ၇၁ | ၁၂၇၆ | ၂၁၇၈ | ၂၆၉၉ | ၄၈၃၂ | ၃၉၅၁၉ | ၆၆၈၉၄ |
| အချိန်ပိုင်းအပ်ငွေ | ၂၄ | ၂၁၈ | ၄၃၅ | ၇၆ | ၁၁၆ | ၂၉၈၃ | ၆၉၀၁၇ |
| ခေါ်ယူအပ်ငွေ | | | | | | | ၁၃၃၀၃ |
| **စုစုပေါင်းအပ်ငွေ** | **၂၃၀** | **၂၄၅၈** | **၃၄၂၇** | **၅၇၇၉** | **၉၄၉၉** | **၅၅၇၁၁** | **၁၇၀၃၄၄** |
| ချေးငွေ | ၁၄၂ | ၁၁၂၅ | ၁၅၃၅ | ၁၇၀၆ | ၅၄၀၅ | ၄၄၂၀၉ | ၁၅၉၈၃၈ |
| ရင်းနှီးမြှုပ်နှံမှု | ၁၄ | ၆၈၈ | ၁၀၈၈ | ၂၄၇၈ | ၄၃၀၀ | ၁၃၇၁၀ | ၄၇၄၉၁ |
| ငွေပေးအမိန့်လက်မှတ် | ၁၄၅၃ | | ၈၃ | ၈၆၃ | ၅၀၅ | ၇၅၈၄ | ၉၀၂၆၄ |
| ပြည်တွင်းငွေလွှဲ (မိမိဘဏ်အချင်းချင်း) | | | ၈၃၂ | ၁၅၆၁ | ၄၃၂၁ | ၂၅၆၀၂ | ၈၈၃၀၁ |
| ပြည်တွင်းငွေလွှဲ (မိတ်ဘက်ဘဏ်) | | | | | ၁၇၆၃ | ၃၀၉၂၈ | ၁၇၉၃၃၄ |


**အပ်ငွေစုစုပေါင်း**





**ချေးငွေစုစုပေါင်း**




**ငွေလွှဲစုစုပေါင်း**




**ရင်းနှီးမြှုပ်နှံမှု**




**နိုင်ငံခြားငွေလုပ်ငန်း ဆောင်ရွက်ခြင်း**

၁၅။ မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ၁၉၉၄ မှ ၁၉၉၈ အထိ နိုင်ငံခြားငွေဘဏ်လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး၊ နိုင်ငံတော်၏ မူဝါဒအရ ၁၉၉၈ ခုနှစ်တွင် ရပ်နားခဲ့ပါသည်။

၁၆။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံတော်မှ နိုင်ငံခြားငွေရောင်းဝယ်နိုင်သည့် Money Changer License များ ခွင့်ပြုခဲ့ရာ ၂၄-၁၀-၂၀၁၁ ရက်နေ့တွင် နိုင်ငံခြားငွေ ရောင်းဝယ်သည့် Money Changer License ရရှိခဲ့ပါသည်။ ယင်းသို့ Money Changer License ရရှိပြီးနောက် အောက်ပါအတိုင်း Money Changer Counter များ ဖွင့်လှစ်ခဲ့ပါသည် -

| | **နေရာ** | **ဖွင့်လှစ်သည့်နေ့** |
|---|---|---|
| (က) | ကျောက်တံတားဘဏ် (ရန်ကုန်) | ၂၄-၁၀-၂၀၁၁ |
| ( ခ ) | မူဆယ်ဘဏ်ခွဲ | ၆-၁၂-၂၀၁၁ |
| ( ဂ ) | မန္တလေးဘဏ်ခွဲ | ၁၄-၉-၂၀၁၂ |
| (ဃ) | ဒေါပုံဘဏ်ခွဲငယ် | ၇-၅-၂၀၁၄ |

၁၇။ ထပ်မံ၍ ဗဟိုဘဏ်သို့ ပြည်ပနိုင်ငံများနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်နိုင်သည့် နိုင်ငံခြားငွေများ ရောင်းဝယ်ဖေါက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer License)ကို လျှောက်ထား ခဲ့ရာ ၁၇-၈-၂၀၁၂ ရက်နေ့တွင် A.D License ရရှိခဲ့ပါသည်။ ယခုအခါ နိုင်ငံခြားဘဏ်များနှင့် ဆက်သွယ်ရာတွင် လွယ်ကူချောမွေ့ပြီး ပိုမိုလုံခြုံစိတ်ချရမှုရှိစေရန် SWIFT (Society for Worldwide Inter Bank Financial Telecommunication)ကို ၅-၁-၂၀၁၃ ရက်နေ့တွင် ခွင့်ပြုချက် ရရှိအောင် ဆောင်ရွက်ခဲ့ခြင်း၊ United Oversea Bank (UOB), Oversea Chinese Banking Corporation (OCBC), United Bank of India, Kurng Thai Bank, Malayan Banking Berhad (May Bank), DBS Bank, Commerz Bank, ICBC, Siam Commercial Bank, Kasikorn Bank, Bangkok Bank, BIDV တို့နှင့် Correspondent Bank အဖြစ် ဆောင်ရွက်ခဲ့ပြီး ငွေစာရင်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယင်း Correspondent Bank များနှင့် ဘဏ်၏ Customer များသို့ နိုင်ငံခြားငွေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုး၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည် -

(က) နိုင်ငံခြားငွေဖြင့် စာရင်းရှင်စာရင်းများ ဖွင့်လှစ်ခြင်း

( ခ ) ပို့ကုန်/သွင်းကုန် ငွေလွှဲလုပ်ငန်းများ

( ဂ ) ငွေသားထုတ်ပေးခြင်း လုပ်ငန်းများ

(ဃ) Bank Guarantee လုပ်ငန်းများ

( င ) Account Transfer လုပ်ငန်းများ

( စ ) Foreign Exchange Market လုပ်ငန်းများ

၁၈။ International Banking လုပ်ငန်းဌာနအနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပို့ကုန်/ သွင်းကုန် ငွေလွှဲလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ Bank Guarantee လုပ်ငန်းများ ဆောင်ရွက်

ရာတွင် Financing ပြုလုပ်ပေး နိုင်ခြင်းများကြောင့် အောက်ပါအတိုင်း ဝင်ငွေများ ရရှိခဲ့ပါသည်။

**နိုင်ငံခြားငွေဝန်ဆောင်မှုလုပ်ငန်း**

၁၉။ **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံခြားငွေ ဝန်ဆောင်မှုမှ ဝင်ငွေရရှိမှု အခြေအနေအား အောက်ပါအတိုင်း နှိုင်းယှဉ်တင်ပြအပ်ပါသည်-**

**(ကျပ်သန်းပေါင်း)**

| **စဉ်** | **အကြောင်းအရာ** | **၂၀၁၅-၂၀၁၆** | **၂၀၁၆-၂၀၁၇** | **တိုးတက်မှုအခြေအနေ** |
|---|---|---|---|---|
| (က) | Export, Import | ၃၂၁. ၃၀ | ၁၈၀. ၅၇ | (-) ၁၄၀. ၇၃ |
| ( ခ ) | Money Transfer Services,Remittance | ၁၀. ၁၀ | ၁၇. ၈၀ | (+) ၇. ၇၀ |
| ( ဂ ) | Bank Guarantee | ၇. ၁၀ | ၂၁. ၁၆ | (+) ၁၄. ၀၆ |
| (ဃ) | Account Transfer | ၈၇. ၅၀ | ၁၈၉. ၄၆ | (+) ၁၀၁. ၉၆ |
| ( င ) | FX | ၈၇၁. ၂၀ | ၇၆၉. ၇၄ | (-) ၁၀၁. ၄၆ |
| ( စ ) | Exchange Transaction | ၁၆၁၆. ၁၀ | ၁၉၃၄. ၄၇ | (+) ၃၁၈. ၃၇ |
| | **Total Income** | **၂၉၁၃. ၃၀** | **၃၁၁၃. ၂၀** | **(+) ၁၉၉. ၉၀** |

**နိုင်ငံတကာ ငွေလွှဲလုပ်ငန်းများ**

၂၀။ ပြည်ပရောက် အလုပ်သမား၊ ဝန်ထမ်းများ အလွယ်တကူ မြန်မာနိုင်ငံသို့ ပြည်ပမှ ငွေများ လွှဲပို့နိုင်ရန် Money Gram International Limited - MGIL (England)နှင့် လည်းကောင်း၊ International Money Express - IME (Malaysia)နှင့် လည်းကောင်း၊ Trans Fast World Wide Money Transfer (T.F) (New York) နှင့် လည်းကောင်း၊ Merchantrade Money Transfer Services နှင့် လည်းကောင်း ငွေလွှဲ Agency တို့နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သဖြင့် ငွေလွှဲဝန်ဆောင်မှုအတွက် ဝင်ငွေများလည်း ရရှိခဲ့ပါသည်။

**Visa Card, Master Card Acquiring နှင့် Issuing လုပ်ငန်း**

၂၁။ နိုင်ငံတကာမှ ရောက်ရှိလာကြသည့် Visa, Master Card ကိုင်ဆောင်သောသူများ ယင်းကဒ်များကို အသုံးပြု၍ ငွေပေးချေမှု လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် Visa, Master အဖွဲ့အစည်းတို့ထံမှ လုပ်ငန်းလိုင်စင် ရယူ၍ Hotel များ၊ စားသောက်ဆိုင်များ၊ စုစုပေါင်း ( ၃၂ )နေရာတွင် ဘဏ်၏ POS စက်များ တပ်ဆင်၍ အသုံးပြုနိုင်ရန် ဆောင်ရွက်ထားနိုင်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ဝန်ဆောင်ခများ ရရှိသည့်အပြင်၊ မိမိတို့ Nostro Account များတွင် လိုအပ်နေသော နိုင်ငံခြားငွေကြေးများကိုလည်း ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

၂၂။ ပြည်ပရောက် မြန်မာနိုင်ငံသားများ နိုင်ငံခြားရှိ စားသောက်ဆိုင်များ၊ Super Market များ၊ Hotel များတွင် Master Card များကို အသုံးပြု၍ ငွေပေးချေနိုင်ရန်နှင့် Hotel Booking ပြုလုပ်ခြင်း၊ လေယာဉ် လက်မှတ် Booking ပြုလုပ်ခြင်းနှင့် Online မှ ဈေးဝယ်ခြင်းများ ပြုလုပ်နိုင်ရန် Technical Provider ဖြစ်သူ ထိုင်းနိုင်ငံရှိ 2C2P ကုမ္ပဏီနှင့် ပူးပေါင်း၍ နိုင်ငံသားကဒ် (Citizen Card)အမည်ဖြင့် မြန်မာနိုင်ငံသားများဘဏ်၏ Master Card ကို ထုတ်လုပ် သုံးစွဲလျက်ရှိပါသည်။

**Myanmar Payment Union (MPU)**

၂၃။ ပြည်တွင်း၌ ငွေသားကိုင်ဆောင်ပြီး ငွေပေးချေမှုကို လျှော့ချ၍ အဖွဲ့ဝင်ဘဏ်အချင်းချင်း ဘဏ်ဝန်ဆောင်မှုများကို ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်ရန်၊ ငွေပေးချေမှုစနစ် အဆင့်မြှင့်တင် တိုးတက်စေရန်၊ နိုင်ငံတကာကဒ် (Card)များကို ပြည်တွင်းတွင် အသုံးပြုနိုင်ရန်နှင့် ပြည်တွင်းဘဏ်များကို နိုင်ငံတကာ ကွန်ယက်နှင့် အသုံးပြုနိုင်ရန် MPU ကို ဖွဲ့စည်းခဲ့ရာ မြန်မာနိုင်ငံသားများဘဏ်သည် ကနဦးအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါသည်။

၂၄။ မိမိတို့၏ ATM Card များကို MPU စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ထားသည့် ကမ္ဘောဇ၊ ဧရာဝတီနှင့် သမဝါယမဘဏ် အစရှိသည့် MPU အဖွဲ့ဝင် ဘဏ်များ၏ ATM စက်များတွင်လည်း ငွေသွင်း/ငွေထုတ် လုပ်ငန်းများကို အသုံးပြုလျှက်ရှိပါသည်။ MPU နှင့် နိုင်ငံခြားကဒ်များ လက်ခံ ဆောင်ရွက်နိုင်ရန် အတွက် လောလောဆယ်တွင် China Union Pay (CUP) Japan Credit Bureau (JCB) Card တို့အား ငွေများလက်ခံ ထုတ်ပေးနိုင်ပြီ ဖြစ်ပါသည်။ Master, Visa တို့၏ ကဒ်များအား လက်ခံထုတ်ပေးခြင်းအဆင့် ဆောင်ရွက်နိုင်ရန် MPU Member အဖွဲ့ဝင်အနေဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ ATM Customer A/C ( ၁၁၈၅၇ )ဦးရှိပြီး၊ POS ( ၇ )လုံးနှင့် ATM Machine ( ၁၁ )လုံး တပ်ဆင်ထားပြီး ဖြစ်ပါသည်။ ဆက်လက်၍ ATM Machine များ တိုးချဲ့ တပ်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**Mobile Payment**

၂၅။ ဘဏ်ခွဲမရှိသော ကျေးလက်ဒေသများအရောက် တယ်လီဖုန်းဖြင့် ငွေပေးပို့နိုင်သည့် Mobile Payment စနစ်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ တင်ပြပြီး ခွင့်ပြုချက် တောင်းခံခဲ့ရာ ဗဟိုဘဏ်မှ ၂၀၁၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့တွင် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ယင်း Mobile Payment စနစ်ဖြင့် ဘဏ်ခွဲမရှိသော ဒေသများအရောက် တစ်နေရာမှ တစ်နေရာသို့ ငွေများ အလွယ်တကူ ပေးပို့ခြင်းဖြင့် ဘဏ်အနေဖြင့်လည်း ဝန်ဆောင်ခများ ပိုမိုရရှိလာမည် ဖြစ်ပါသည်။ယခုအခါတွင် MCB ၏ HP Customer များ အတိုးပေးငွေများ အား ယင်းဒေသရှိ 663 Mobile Agent များမှတဆင့် လွှဲပြောင်းခြင်းအား ဆောင်ရွက်လျှက်ရှိပါသည်။ MCB ၏ Mobile Payment လုပ်ငန်းတွင် Superagent (၆)ဦး၊ Agent (၈၀၄)ဦး၊ Subscriber (၈၃၀၁)ဦး၊ Merchant (၁၀၃၈)ဦးဖြင့် လုပ်ငန်းများဆောင်ရွက်လျှက်ရှိပါသည်။

**E-payment စနစ် စတင်ဆောင်ရွက်ခြင်း**


၂၆။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ သွင်းကုန်လိုင်စင်ကြေးများ ပေးသွင်းရာတွင် လုပ်ငန်းပိုမိုအဆင်ပြေပြီး နေပြည်တော်သို့ ငွေများသယ်ယူသွားရခြင်းမရှိဘဲ ငွေကြေးလုံခြုံမှုရှိစေရန်

သွင်းကုန် လိုင်စင်ကြေး ပေးသွင်းရမည့်ငွေကို မြန်မာနိုင်ငံသားများဘဏ်လီမိတက်၌ ကြိုတင်ပေးသွင်း၍ ယင်းစာရင်းမှ Online ဖြင့် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သွင်းကုန် လိုင်စင်ကြေးရယူသည့် E-payment စနစ်ကို ၁-၉-၂၀၀၇ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်း တိုးတက်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -


(ကျပ်သန်းပေါင်း)

| ဘဏ္ဍာနှစ် | စာရင်းဖွင့် ဦးရေ | သွင်းကုန်လိုင်စင် ဦးရေ | ဝန်ကြီးရုံးသို့ ပေးသွင်းငွေ | ဘဏ်ဝန်ဆောင် စရိတ် |
|---|---|---|---|---|
| ၂၀၀၇-၂၀၀၈ | ၂၂၄၉ | ၁၆၈၁၀ | ၁၉၉. ၅၈၅ | ၀. ၅၃၈ |
| ၂၀၀၈-၂၀၀၉ | ၇၉၈ | ၃၇၀၂၂ | ၄၂၂. ၄၁၁ | ၃. ၆၄၉ |
| ၂၀၀၉-၂၀၁၀ | ၇၃၁ | ၄၅၀၇၉ | ၅၂၀. ၉၁၀ | ၄. ၅၀၈ |
| ၂၀၁၀-၂၀၁၁ | ၇၁၁ | ၅၈၃၉၁ | ၆၄၇. ၇၉၉ | ၂၁. ၈၅၉ |
| ၂၀၁၁-၂၀၁၂ | ၅၅၉၀ | ၆၆၆၄၀ | ၈၁၂. ၈၈၂ | ၃၃. ၃၃၀ |
| ၂၀၁၂-၂၀၁၃ | ၇၂၀၄ | ၇၇၄၇၉ | ၃၂၇၇. ၉၄၀ | ၃၈. ၇၄ |
| ၂၀၁၃-၂၀၁၄ | ၉၀၂၆ | ၂၅၅၆၃၁ | ၃၃၄၇. ၉၇၀ | ၇၄. ၀၃ |
| ၂၀၁၄-၂၀၁၅ | ၁၀၇၃၂ | ၁၇၀၉၆၀ | ၃၈၀၉. ၄၅၀ | ၈၅. ၄၈ |
| ၂၀၁၅-၂၀၁၆ | ၁၂၉၅၂ | ၁၈၂၈၃၂ | ၄၁၇၀. ၀၄၀ | ၉၁. ၄၂ |
| ၂၀၁၆-၂၀၁၇ | ၁၅၃၀၂ | ၂၂၀၃၇၈ | ၄၉၂၁. ၁၈၈ | ၁၁၀. ၁၉ |

**သွင်းကုန်လိုင်စင်ဦးရေ**




**ဘဏ်ဝန်ဆောင်စရိတ်**



**ချေးငွေလုပ်ငန်း**

၂၇။ မြန်မာနိုင်ငံသားများဘဏ်၏ အဓိကဝင်ငွေရ လုပ်ငန်းများအနက် တစ်ခုဖြစ်သည့် နှစ်တို ချေးငွေလုပ်ငန်းကို ဆောင်ရွက်ရာ၌ တိုင်းရင်းသား လုပ်ငန်းရှင်များ၏ လုပ်ငန်းများတွင် ဘဏ္ဍာငွေ အထောက်အပံ့ပေးခြင်းဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုစေရန်နှင့် အခြားတစ်ဖက်မှလည်း ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ပုံမှန်ဝင်ငွေရရှိစေရန်နှင့် ဆုံးရှုံး မှုမရှိစေရန်အတွက် ဒါရိုက်တာတစ်ဦးမှ ဦးဆောင်သော ချေးငွေကော်မတီ ဖွဲ့စည်း၍အဆင့်ဆင့် စိစစ်ပြီး ချေးငွေများ ထုတ်ပေးလျှက်ရှိပါသည်။

၂၈။ မြန်မာနိုင်ငံသားများဘဏ်၊ ချေးငွေဌာန အနေဖြင့် ၃၁. ၃. ၂၀၁၇ နေ့အထိ တိုင်းရင်းသား လုပ်ငန်းရှင် (၈၉၆ ) ဦးသို့ ချေးငွေပမာဏ ( ၁၀၈. ၅၇၂ ) ဘီလျံ ထုတ်ချေးခဲ့ရာ ယခင်နှစ်ကထက် (၁၄. ၈၂)ဘီလျံ တိုးမြှင့်ထုတ်ချေးနိုင်ခဲ့ပါသည်။ ဝင်ငွေအနေဖြင့် နှစ်စဉ် တိုးတက်လျက်ရှိရာ ယခင်နှစ်က (၁၀. ၇) ဘီလျံသာ ရရှိခဲ့ရာမှ ယခုနှစ်တွင် (၁၂. ၄၁)ဘီလျံအထိ ရရှိခဲ့ရာ (၁. ၇၁)ဘီလျံကျော် တိုးတက်ရရှိ ခဲ့ပါသည်။ NPL (Non Performing Loan Ratio) မှာ ယခင်နှစ်က (၂. ၀၆%)ရှိရာမှ ယခုနှစ်တွင် (၂. ၈၉%)သို့ရောက်ရှိခဲ့ပါသည်။ ထိုသို့ဖြစ်ပွားရခြင်းမှာ ချေးငွေလုပ်ငန်းသဘာဝ နိယာမအရ ချေးငွေပမာဏ တိုးတက်လာသည့် အလျောက် NPL% မြင့်ခဲ့ရခြင်း ဖြစ်ပါသည်။ သို့ရာတွင် NPL ဦးရေပမာဏ လျှော့နည်းကျဆင်းစေရန် မျက်ခြေမပြတ် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

**အငှားဝယ်စနစ် ( Hire Purchase) လုပ်ငန်း**

၂၉။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ အငှားဝယ်စနစ်ချေးငွေလုပ်ငန်းကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ ပစ္စည်းရောင်းချသည့် ကုမ္ပဏီကြီး (၂၁)ခုနှင့် ချိတ်ဆက်၍ လယ်ယာသုံး စက်ပစ္စည်းများ၊ တိုက်ခန်းများ၊ အိမ်စီးကားများ၊ လုပ်ငန်းသုံးမော်တော်ယာဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားများကို ယခုအချိန်ထိ ဆုံးရှုံးမှုမရှိပဲ ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးများ အားလုံးနှင့် ပြည်နယ်အားလုံးရှိ တောင်သူကြီးများအား လယ်ယာသုံးစက်ပစ္စည်းများကို အဓိကရောင်းချခဲ့ပြီး (၂၀၁၆-၂၀၁၇)ဘဏ္ဍာနှစ်တွင် ဦးရေ (၉၆၀၂)၊ဝင်ငွေ (၆၃၃၀. ၅၁)သန်းရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ ဘဏ်အနေဖြင့် အငှားဝယ်စနစ်လုပ်ငန်းကို ဆောင်ရွက်ရာတွင် ကောင်းမွန်သော ဝန်ဆောင်မှုဖြင့် သွက်လက် မြန်ဆန်စွာ ဆောင်ရွက်ပေးခြင်းကြောင့် လုပ်ငန်းရှင်များ၏ ယုံကြည်အားကိုးမှု၊ Customer များမှ မြန်မာနိုင်ငံသားများဘဏ်လီမိတက်ကို လက်ခံဆောင်ရွက်လိုမှုများကြောင့် ဆုံးရှုံးမှုမရှိပဲ ဆောင်ရွက်နိုင်ခဲ့ပါ သည်။ လာမည့်နှစ်တွင်လည်း နိုင်ငံအတွင်းရှိ လူတန်းစားအသီးသီး၏ လူနေမှုဘဝမြင့်မားစေရန် ရည်စူး၍ အိမ်သုံး၊ လုပ်ငန်းသုံး၊ လျှပ်စစ်ပစ္စည်း အမျိုးမျိုးကို အရစ်ကျစနစ်ဖြင့် တိုးချဲ့ရောင်းချသွားမည် ဖြစ်ပါသည်။

(ကျပ်သန်း)

| ဘဏ္ဍာနှစ် | ဦးရေ | ဝင်ငွေ | | | |
|---|---|---|---|---|---|
| | | **(Rental Fees)** | **Commission** | **Service Charges** | **စုစုပေါင်း** |
| ၂၀၁၅-၂၀၁၆ | ၇၇၀၆ | ၂၃၉၄. ၁၄ | ၈၉၅. ၂၅ | ၂၄. ၂၇ | ၃၃၁၃. ၆၆ |
| ၂၀၁၆-၂၀၁၇ | ၉၆၀၂ | ၄၅၄၈. ၂၁ | ၁၇၅၂. ၅၄ | ၂၉. ၇၆ | ၆၃၃၀. ၅၁ |

**SMEs Two Step Loan**

၃၀။ ဂျပန်နိုင်ငံမှ ODA ချေးငွေရယူ၍ Two Step Loan အစီအစဉ်ဖြင့် အသေးစားအလတ်စား စက်မှုလုပ်ငန်းများ (SMEs) များဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေရေးကြေးရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်း (Participant Financial Institution) အဖြစ် ရွေးချယ်ခံရသည့်အတွက် မြန်မာနိုင်ငံသားများဘဏ်မှ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်တို့မှ ထုတ်လုပ်မှု လုပ်ငန်းရှင် (Manufacturing) (၁၄)ဦး၊ ဝန်ဆောင်မှုလုပ်ငန်းရှင် (Services) (၄)ဦး၊ လက်ကား ရောင်းဝယ်ရေးလုပ်ငန်းရှင် (Wholesale) (၁)ဦး၊ စုစုပေါင်း (၁၉)ဦးအား (၆. ၃၇၅)ဘီလျံကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ မှ ဒီဇင်ဘာလအတွင်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါသည်။


၃၁။ ယခုလည်း Two-Step Loan ချေးငွေကို JICA မှထပ်မံရရှိမည်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်၊ တနသာရီတိုင်း၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း တို့မှ တန်ဖိုးမြှင့်ထုတ်ကုန် (value added goods) လုပ်ငန်းရှင်များအပါအဝင် လုပ်ငန်းရှင်ငယ်လေးများပါမကျန် ထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက် လျှက်ရှိပါသည်။

**ချေးငွေလုပ်ငန်းအမျိုးအစား**

(ကျပ်သန်း)

| ဘဏ္ဍာနှစ် | ချေးငွေ | စာရင်းပို ထုတ်ချေးငွေ | အငှားဝယ်စနစ် လုပ်ငန်း | Trade Guarantee | Two Step Loan |
|---|---|---|---|---|---|
| ၂၀၁၆-၂၀၁၇ | ၁၀၄၀၆၁ | ၂၉၈၄ | ၄၄၈၉၂ | ၁၅၂၇ | ၆၃၇၄ |

## ချေးငွေလုပ်ငန်းအမျိုးအစား





## ကဏ္ဍအလိုက်ချေးငွေစာရင်း

(ကျပ်သန်း)

| ဘဏ္ဍာနှစ် | စက်မှု/ လက်မှု ကဏ္ဍ | သယ်ယူပို့ ဆောင်ရေး ကဏ္ဍ | ကုန်သွယ်မှု ကဏ္ဍ | ဝန်ဆောင်မှု ကဏ္ဍ | ဆောက်လုပ်ရေး ကဏ္ဍ | စိုက်ပျိုးရေး နှင့်မွေးမြူရေး ကဏ္ဍ | အထွေထွေ ကဏ္ဍ |
|---|---|---|---|---|---|---|---|
| ၂၀၁၆-၂၀၁၇ | ၃၁၁၀၃ | ၁၈၃၁ | ၄၀၄၄၉ | ၂၈၆၁၅ | ၁၀၄၈၇ | ၄၅၃၁၃ | ၂၀၃၈ |

## ကဏ္ဍအလိုက်ချေးငွေ



**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဆောင်ရွက်ခြင်း**

၃၂။ ဝန်ထမ်းများအား လုပ်ငန်းခွင် လက်တွေ့နှင့် စာတွေ့သင်တန်းများ၊ ဘဏ်များအသင်းက ဖွင့်လှစ်သော သင်တန်းများ၊ International Banking အတွေ့အကြုံရရှိစေရန် နိုင်ငံခြားဘဏ်များမှ လာရောက် ဖွင့်လှစ်သော သင်တန်းများ၊ ပြည်တွင်း၌ နိုင်ငံခြားဘဏ်များမှ ဖွင့်လှစ်သော သင်တန်းများနှင့် Seminars များ တက်ရောက်စေခဲ့ပါသည်။ ယင်းအပြင် Master, Visa Card ကဲ့သို့ နိုင်ငံခြားကဒ် လုပ်ငန်းအတွက် သင်တန်းများကိုလည်း ထိုင်းနိုင်ငံသို့ စေလွှတ်၍လည်း သင်တန်း တက်ရောက်စေခဲ့ပါသည်။ ယခုနှစ်တွင် Diplomer in Banking (DB) တွင် ဝန်ထမ်း ( ၄ )ဦးနှင့် Master of Banking အရာထမ်း (၂)ဦး တက်ရောက်သင်ကြားစေလျှက် ရှိပါသည်။

**Yangon Stock Exchange တွင် Share ရောင်းဝယ်မှု အခြေအနေ**

၃၃။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် ၂၆. ၈. ၂၀၁၆ ရက်နေ့မှစ၍ YSX တွင် Listed ကုမ္ပဏီ တစ်ခုအဖြစ် ဘဏ်၏ အစုရှယ်ယာများ စာရင်းတင် ရောင်းချခွင့်ရရှိခဲ့သော ပထမဆုံးသော ဘဏ်ဖြစ်ပါသည်။ ဈေးကွက်စတင်ဖွင့်လှစ်ချိန် အစုရှယ်ယာအရောင်းအဝယ်စတင် ဆောင်ရွက်ခဲ့ရာ၊ဖွင့်လှစ် သည့်ဈေးအား တစ်စုလျှင် ကျပ် (၆၈၀၀) သတ်မှတ်ခဲ့ပြီး ယင်းနေ့တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ကျပ် (၇၈၀၀) ဖြစ်ခဲ့ပါသည်။ အရောင်းအဝယ်ပမာဏအားဖြင့် (၂၆-၈-၂၀၁၆) ရက်နေ့မှ (၃၁-၃-၂၀၁၇)ရက်နေ့အထိ စုစုပေါင်းရှယ်ယာအစုရေ (၁၅၀၈၂၁) စုအတွက် တန်ဖိုး ကျပ် (၁၄၁၉. ၃၂၃)သန်း ဘိုး အရောင်းအဝယ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ လက်ရှိအရောင်းအဝယ် ဖြစ်နေသောဈေးမှာ ရှယ်ယာ တစ်စုလျှင် ကျပ် (၉၀၀၀) ဝန်းကျင်ခန့် ဖြစ်ပါသည်။

**ငွေကြေးခိုင်မာမှုအခြေအနေ**


၃၄။ မြန်မာနိုင်ငံသားများဘဏ်၏ တစ်ဖက်ဖော်ပြပါ ငွေကြေးအချိုးများသည် ဘဏ်၏ ငွေကြေး အခြေအနေ ခိုင်မာမှုရှိကြောင်း ပြသလျက် ရှိပါသည် -

| | | ဗဟိုဘဏ် သတ်မှတ်နှုန်း | ၃၁-၃-၂၀၁၆ | ၃၁-၃-၂၀၁၇ |
|---|---|---|---|---|
| (က) | မတည်ငွေရင်းလုံလောက်မှုအချိုး (Capital Adequacy Measurement) | ၁၀% | ၇၃. ၅၁% | ၇၀. ၀၁% |
| ( ခ ) | ငွေကြေးလွယ်ကူမှုအချိုး (Liquidity Ratio) | ၂၀% | ၄၃. ၂၉% | ၂၉. ၉၀% |
| ( ဂ ) | သီးသန့်ငွေလိုအပ်ချက် (Reserve Requirement) | ၅% | ပြည့်မှီရန်-(၆၀၀၇)သန်း ထားရှိငွေ-(၇၉၄၉)သန်း | ပြည့်မှီရန်-(၇၃၉၄)သန်း ထားရှိငွေ-(၇၉၂၆)သန်း |
| (ဃ) | Non-Performing Loan Ratio | - | ၂. ၀၆% | ၂. ၈၉ % |

၃၅။ ဘဏ်၏ ROA, ROE, Operation Ratio နှင့် Earning Per Share များမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည် -

| | | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ |
|---|---|---|---|---|---|---|
| (က) | ပိုင်ဆိုင်မှုများအပေါ် အကျိုးအမြတ် (Return On Average Assets-ROA) | ၂. ၂၃% | ၂. ၄၃% | ၂. ၄၈% | ၂. ၄၂ % | ၂. ၃၉% |
| ( ခ ) | အရင်းအနှီးပေါ် အကျိုးအမြတ် (Return On Average Equity-ROE) | ၈. ၉၀% | ၁၁. ၅၈% | ၈. ၅၃% | ၈. ၆၇ % | ၈. ၈၁% |
| ( ဂ ) | ဝင်ငွေနှင့်အသုံးစရိတ်အချိုး (Cost Income Ratio) | ၃၆. ၆၈% | ၄၂. ၄၀% | ၃၈. ၀၆% | ၄၅. ၁၃ % | ၅၁. ၄၀% |
| (ဃ) | အစုရှယ်ယာတစ်စုအပေါ် အမြတ်ငွေ ရှာနိုင်မှု (ကျပ်) (Earning Per share) (ကျပ် ၅၀၀၀/- တန် ရှယ်ယာ) | ၆၇၂ | ၉၁၇ | ၆၈၈ | ၇၁၁ | ၇၅၂ |

**ROA & ROE**




**အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှု**


၃၆။ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှု (Shareholders' Equity) မှာ အောက်ပါအတိုင်း တိုးတက် လာပါသည်- -

**(ကျပ်သန်းပေါင်း)**

| စဉ် အကြောင်းအရာ | ၃၁-၃-၉၃ | ၃၁-၃-၉၇ | ၃၁-၃-၀၁ | ၃၁-၃-၀၅ | ၃၁-၃-၀၉ | ၃၁-၃-၁၃ | ၃၁-၃-၁၇ |
|---|---|---|---|---|---|---|---|
| (က) ထည့်ဝင်ပြီးမတည်ငွေရင်း | ၆၀. ၅၉ | ၁၁၀. ၀၀ | ၁၁၀. ၀၀ | ၂၂၀. ၀၀ | ၉၀၀. ၀၀ | ၁၇၈၆၀. ၅၉ | ၅၂၀၀၄. ၉၃ |
| (ခ) ဥပဒေပြဋ္ဌာန်းသီးသန့်ရန်ပုံငွေ | ၀. ၄၆ | ၃၂. ၉၈ | ၁၀၇. ၆၄ | ၁၆၈. ၀၀ | ၃၇၇. ၂၀ | ၁၄၁၅. ၂၄ | ၅၇၈၈. ၆၆ |
| (ဂ) ချေးငွေအတွက် ရန်ပုံငွေ | ၀ | ၁၃. ၄၀ | ၇၅. ၀၀ | ၁၀၃. ၅၀ | ၁၄၀. ၀၀ | ၈၈၄. ၁၇ | ၃၃၁၆. ၇၆ |
| (ဃ) အရေးပေါ် ရန်ပုံငွေ | ၀ | ၀ | ၀ | ၂၁. ၀၀ | ၅၀. ၀၀ | ၂. ၀၀ | ၁၂. ၀၀ |
| (င) ရှယ်ယာအပိုကြေး | ၀ | ၀ | ၀ | ၁၁. ၀၀ | ၇၉. ၀၀ | ၇၉. ၀၅ | ၅၁၁၉. ၇၃ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| (စ) မခွဲဝေသောအမြတ် | ၁. ၃၀၆ | ၁၁. ၉ | ၄၁. ၀၉ | ၄၇. ၄၉ | ၉၆. ၆၃ | ၄၇. ၀၅ | ၃၃၂. ၃၁ |
| စုစုပေါင်း | ၆၂. ၃၆ | ၁၆၈. ၃၂ | ၃၃၃. ၇၃ | ၅၇၀. ၉၉ | ၁၆၄၂. ၈၃ | ၂၀၃၈၉. ၅၃ | ၆၆၅၇၄. ၃၉ |

**အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှု (Shareholder's Equity)**




**ဘဏ်စာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းများစစ်ဆေးခြင်း**

၃၇။ ဤဘဏ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စာရင်းနှင့် လုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အချိန်နှင့်တပြေးညီ စစ်ဆေးကြီးကြပ်လျက်ရှိပြီး စာရင်းစစ် ဦးလှထွန်းနှင့်အဖွဲ့လီမိတက်မှလည်း ၂၀၁၆ - ၂၀၁၇ စာရင်းကို စစ်ဆေးပြီး ဖြစ်ပါသည်။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်း ရှင်းတမ်းအား ပူးတွဲတင်ပြထားပါသည်။

၃၈။ ထို့အပြင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ (၄၉)အရ အစုရှယ်ယာရှင်များမှ ခန့်အပ်သည့် အဖွဲ့ဝင် (၃)ဦးပါဝင်သော စာရင်းစစ်ကော်မတီသည် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းစိစစ်မှု အစည်းအဝေး ( ၁၀ )ကြိမ် ပြုလုပ်ခဲ့ပြီး၊ ဘဏ်၏ အပ်ငွေ အခြေအနေ၊ ချေးငွေလုပ်ငန်း၊ စာရင်းလုပ်ငန်း၊ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်း

များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဘဏ်၏ လစဉ်ဝင်ငွေနှင့် အသုံးစရိတ်၊ သုံးလပတ် စာရင်းပိတ်လုပ်ငန်း၊ နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း စိစစ်ပါသည်။ ငွေကြေးဌာနအတွင်းရှိ ငွေသား လက်ကျန်များ ကို စစ်ဆေးခြင်း၊ ချေးငွေအတွက် ပေးအပ်ထားသည့် အာမခံစာချုပ်စာတမ်းများ စစ်ဆေးခြင်း ပြုလုပ်ခဲ့ပါသည်။ ၎င်းအပြင် အပ်ငွေ၊ ချေးငွေကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အခြားငွေရေးကြေးရေးကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း အကြံဉာဏ်များပေး၍ ပံ့ပိုးပေးခဲ့ပါသည်။

၃၉။ ဘဏ်တွင်းစာရင်းစစ် (Internal Audit)ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အရ စာရင်းစစ်ကော်မတီမှ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ဘဏ်၏ နေ့စဉ်စာရင်းလုပ်ငန်းများ၊ ချေးငွေလုပ်ငန်းများ၊ စီမံရေးရာလုပ်ငန်းများကို စဉ်ဆက်မပြတ် (Continuous Audit) စစ်ဆေးလျှက်ရှိပြီး လချုပ်စစ်ဆေးခြင်း၊ဘဏ္ဍာတိုက်ခန်းရှိ ငွေသားလက်ကျန်ကို အခါအားလျော်စွာနှင့် လစဉ်ရှောင်တခင် စစ်ဆေးခြင်း၊ နေ့စဉ် ငွေသားလက်ကျန်ကို ကြီးကြပ်စစ်ဆေးခြင်းနှင့် ဘဏ်ခွဲများအား စစ်ဆေးခြင်း တို့ကို ပြုလုပ်ခဲ့ပါသည်။

## အကျိုးအမြတ် ခွဲဝေလျာထားခြင်း

၄၀။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အမြတ်ငွေကျပ် (၇၀၉၅.၆၅)သန်းရရှိပြီး ဝင်ငွေခွန်ကျပ် (၁၇၈၈.၃၆)သန်းကို ကြိုတင်ပေးသွင်းခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမြတ်ငွေကျပ် (၇၈၁၇.၆၄)သန်းရရှိပြီး၊ ဝင်ငွေခွန်ကျပ် (၁၉၈၄.၅၄)သန်းကို ကြိုတင်ပေးသွင်းခဲ့ပါသည်။ ကျန်အသားတင်အမြတ်ပေါ်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ ၂၅% နှင့် ညီမျှသောကျပ် (၁၄၆၅.၈၀၇)သန်းကို သီးသန့်ရန်ပုံငွေ စာရင်းများသို့လည်းကောင်း၊ ကျပ်(၁၀၁၁.၂၄၂) သန်းကို ချေးငွေအတွက် ရန်ပုံငွေစာရင်းသို့ လည်းကောင်း၊ မမျှော်မှန်းနိုင်သော ကိစ္စရပ်များအတွက် သီးသန့်ရန်ပုံငွေကျပ် (၂)သန်း လျာထားခဲ့ပြီး၊ ကျပ် (၂၃၃.၇၅၅)သန်းကို မခွဲဝေသေးသော အမြတ်အဖြစ် ထားရှိထားပါသည်။ ကျန်ကျပ် (၃၁၂၀.၂၉၆)သန်းကို အမြတ်ဝေစု ခွဲဝေပေးမည်ဖြစ်ပါသည်။

## ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဖြစ်ပေါ်မှုများ

၄၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် Yangon Stock Exchange Centre (YSX)တွင် ဘဏ်များအနေဖြင့် ပထမဆုံးအဖြစ်လည်းကောင်း၊ အများပိုင် ကုမ္ပဏီများအနေဖြင့် တတိယအကြိမ်မြောက် ကုမ္ပဏီအဖြစ် လည်းကောင်း စာရင်းဝင်ခဲ့ပါသည်။ စာရင်းဝင် ကုမ္ပဏီဖြစ်သည်နှင့်အညီ မိမိတို့၏ အစုရှယ်ယာရှင်များ အနေဖြင့် အမြတ်ဝေစု (Income Gain) အပြင်၊ Capital Gain အနေဖြင့် အစုရှယ်ယာ ရောင်းချခြင်းဖြင့် အမြတ်ငွေများ ကိုပါရရှိနေပြီဖြစ်ပါသည်။ Capital Gain ပိုမိုရရှိနိုင်ရေး အတွက် အမြတ်ဝေစုကို ဦးစားပေး ခွဲဝေနေသော စနစ်မှ အမြတ်ဝေစုကို ဦးစားပေး ခွဲဝေခြင်းမပြုဘဲ၊ ဘဏ်ကို

ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အမြတ်ငွေများ ပြန်လည်ရင်းနှီး၍ အစုရှယ်ယာတန်ဘိုး ပိုမိုတိုးတက်မြင့်တင်သော စနစ်သို့ အဆင့်ဆင့်ပြောင်းလဲ ဆောင်ရွက်လျှက်ရှိပါသည်။

၄၂။ မိမိတို့ဘဏ်အား အခြားဘဏ်များနှင့် ယှဉ်ပြိုင်လုပ်ဆောင်နိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံတကာ ဘဏ်များနှင့် ယှဉ်ပြိုင်လုပ်ဆောင်နိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံတကာဘဏ်များနှင့် ဆက်ဆံရာတွင် ပိုမိုလက်ခံအဆင်ပြေစေရန်အတွက် လည်းကောင်း ရည်ရွယ်၍ လူ့စွမ်းအားအရင်းအမြစ် (HR) ကဏ္ဍနှင့် IT ကဲ့သို့သော အဆင့်မြင့် နည်းပညာကဏ္ဍများတွင် လိုအပ်နေသည့် နိုင်ငံခြားသား အကြံပေးများ၊ ပြည်တွင်း ကျွမ်းကျင်ပညာရှင်များကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ ငှားရမ်းခန့်အပ်ဆောင်ရွက်လျှက်ရှိပါသည်။ ယခင်ဘဏ္ဍာနှစ်များတွင် ဘဏ်ကိုအဆင့်မြင့်တင်လိုသူ ရှယ်ယာရှင်ကြီးများမှ ရှယ်ယာရှင်အငယ်များကို ဦးစားပေး အမြတ်ဝေစုခွဲဝေပေးပြီး ပိုငွေကိုသာ အမြတ်ဝေစုရယူခဲ့သော်လည်း မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ရန်ကုန်စတော့အိတ်စ်ချိန်းတွင် Listed Company တစ်ခုဖြစ်လာ၍ အစုရှယ်ယာများသည် ဈေးကွက်တွင် ဝင်ရောက်ရောင်းဝယ်နိုင်ရန် ဈေးကွက်ဝင် ရှယ်ယာများအဖြစ် ပြောင်းလဲသွားသည့် အတွက် ယခင်နှစ်များကဲ့သို့ အမြတ်ဝေစုကို အချိုး(၂)မျိုးဖြင့် ခွဲဝေမှု မပြုဘဲ တပြေးညီ အချိုးတစ်မျိုးတည်းသာ ခွဲဝေပေးရခြင်း၊ မြန်မာနိုင်ငံသားများဘဏ်ကို နိုင်ငံတကာဘဏ်များနှင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်ရန် နိုင်ငံခြားမှ ဘဏ်လုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ငှားရမ်း၍ ဘဏ်ဖွဲ့စည်းတည်ဆောက်ပုံများ ပြောင်းလဲခြင်းတို့အတွက် အသုံးစရိတ်များ ပိုမိုသုံးစွဲရခြင်းစသည်တို့ကြောင့် အမြတ်ခွဲဝေပေးမှုမှာ ယခင်နှစ်များထက် လျော့နည်းရခြင်းဖြစ်ပါသည်။

**ရှေ့လုပ်ငန်းစဉ်များ**

၄၃။ မြန်မာနိုင်ငံသားများဘဏ်လီမိတက် အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အောက် ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည် -

(က) မြန်မာနိုင်ငံရှိဘဏ်များအနက် ပထမဆုံး အများပိုင်ကုမ္ပဏီ Listed Bank ဖြစ်သည်နှင့်အညီ Customers များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း၊ ဘဏ်ဝန်ထမ်းများနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ အကျိုးစီးပွားကို ရှေးရှု၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို တိုးချဲ့မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးဆိုင်ရာ ကဏ္ဍတွင် ပါဝင်ကူညီလုပ်ဆောင်လျှက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဒါရိုက်တာများနှင့် စီမံအုပ်ချုပ်မှုအဖွဲ့တို့ ပူးပေါင်း၍ မြန်မာနိုင်ငံသားများဘဏ်၏ အနာဂတ် စီမံချက်များနှင့် (၃)နှစ်စာ ရှေ့လုပ်ငန်းစဉ် အသေးစိတ်ကို ရေးဆွဲပြုစုချမှတ်ထားပြီးဖြစ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

( ခ ) မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ရေရှည်တွင် စဉ်ဆက်မပြတ်ခိုင်မာ တိုးတက် အောင်မြင်မှု ရရှိစေရန် အဓိကလုပ်ငန်းစဉ်များ ဖြစ်သော လူသားအရင်းအမြစ်

ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ်လုပ်ငန်းစဉ်များ မြန်ဆန်ရေး၊ ဆုံးရှုံးနိုင်ချေ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ ရေးဆွဲဖော်ဆောင်ရေးနှင့် လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် IT နည်းပညာစနစ်များ ထူထောင်ခြင်းတို့ကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်များနှင့်အညီ လုပ်ဆောင်နေဆဲ လုပ်ငန်းများမှာ Core Banking တည်ဆောက်ခြင်း၊ Primary နှင့် Recovery Data Center များတည်ဆောက်ခြင်း၊ ပြည်တွင်းပြည်ပ အသိပညာရှင်၊ အတတ်ပညာရှင်များ ဘဏ်တွင်ခန့်ထားခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ Process Reengineering လုပ်ငန်းစဉ်များ၊ ဘဏ်အမှတ်တံဆိပ် ပြန်လည်တည်ဆောက်ခြင်းနှင့် Marketing လုပ်ငန်းများ၊ လုပ်ခလစာနှင့် ခံစားခွင့်များကို ပြန်လည်ရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်လုပ်ဆောင်သွားရန်။

( ဂ ) ဘဏ်စနစ်နှင့် အလှမ်းဝေးသော ကျေးလက်နေပြည်သူများ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ငွေပေးချေမှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုရန် အတွက် ICT နည်းပညာ အသုံးပြု၍ မိုဘိုင်းဖုန်းဖြင့် ငွေပေးချေမှု လုပ်ငန်းဖြစ်သော Digital Banking စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဃ) ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ဘဏ်ခွဲပေါင်း (၅၀) ဖွင့်လှစ်၍ ဘဏ်၏ ကွန်ယက်ကို တိုးချဲ့ တည်ဆောက်ရန်။

( င ) ဘဏ်လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို အများပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိအသုံးပြုနိုင်ရန် Consumer Banking လုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ရန်။

( စ ) ဘဏ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် အပ်ငွေပမာဏ တိုးပွားအောင် ဆောင်ရွက်ရန်။

(ဆ) ခိုင်မာမှန်ကန်မှုရှိသော ချေးငွေများ ထုတ်ချေးနိုင်ရန် ဆုံးရှုံးနိုင်ချေ အကဲဖြတ်စနစ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ နည်းစနစ်များ စနစ်တကျ ရေးဆွဲထားရှိပြီး လိုက်နာဆောင်ရွက်ရန်။

( ဇ ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တဖက်တလမ်းမှ အထောက်အကူပြုစေရန်အတွက် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအား ဘဏ္ဍာရေးအထောက်အကူပြုသည့် အနေဖြင့် စက်မှု/စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အထွေထွေစသည့် ကဏ္ဍကြီး (၇)ရပ်တွင် နှစ်တိုချေးငွေများကို နှစ်စဉ်တိုးချဲ့ ဆောင်ရွက်ရန်။

( ဈ ) JICA ၏ ပံ့ပိုးမှုဖြစ်သော Two Steps Loan အစီအစဉ်ဖြင့် SME လုပ်ငန်းရှင်များသို့ ချေးငွေများ ထုတ်ချေး၍ စွန့်ဦးတီထွင်လုပ်ငန်းငယ်များ တိုးတက်ဖွံ့ဖြိုးရေး ကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန်။

(ည) လယ်ယာသုံးပစ္စည်းနှင့် အခြားသော လူသုံးကုန်ပစ္စည်းများအား အငှားဝယ်စနစ်ဖြင့် ရောင်းချပေးရေး လုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန်။

( ဋ ) စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်နှင့် ကိုက်ညီသော ဘဏ်ဝန်ဆောင်မှုများ ရေးဆွဲဖော်ထုတ် Corporate Banking ပါ စနစ်ကို ပိုမိုတိုးချဲ့ထွင် ဆောင်ရွက်ရန်။

( ဌ ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ဆောင်ရွက်နေသော E-Payment စနစ်အပြင် Fully Online Licensing System ဖြင့်ပို့ကုန်/သွင်းကုန် လုပ်ငန်းများအတွက် ပိုမိုလွယ်ကူ လျှင်မြန်စွာ ဆောင်ရွက်ပေးရန်။

( ဍ ) ပြည်ပ ပို့ကုန်/သွင်းကုန် လုပ်ငန်းများအတွက် LC/TT လုပ်ငန်းများ၊ Bank Guarantee လုပ်ငန်းများ၊ Foreign Exchange လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားများဘဏ်၏ Trade Financing လုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်။

( ဎ ) International Money Transfer Agency နှင့်ပူးပေါင်း၍ နိုင်ငံခြားရောက် အလုပ်သမားများအတွက် ငွေပြန်လည် ပေးပို့နိုင်ရေး အစရှိသော International Banking လုပ်ငန်းများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်။

(ဏ) ဆောင်ရွက်လျက်ရှိသည့် Visa Card, Master Card Acquiring လုပ်ငန်းနှင့် Citizen Card Issuing လုပ်ငန်းများကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ပြန်လည်သုံးသပ်မှုပြုလုပ်ရန်။

(တ) ဘဏ်၏ Customers များနှင့် Clients များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အတွက် အခြားသော ငွေကြေးအဖွဲ့အစည်းများ၊ နိုင်ငံခြားဘဏ်များနှင့် အကျိုးတူ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်။

(ထ) Customers များ၏ လိုအပ်ချက်နှင့် ကိုက်ညီသော ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ (ဥပမာအားဖြင့် ပုဂ္ဂလိက ကုမ္ပဏီ ဝန်ထမ်းလစာပေးချေမှု ကဲ့သို့သော ဝန်ဆောင်မှုများ) အား တိုးချဲ့ဆောင်ရွက်သွားရန်။

**နိဂုံး**

၄၄။ လုပ်ငန်းကဏ္ဍအလိုက် သိသိသာသာ တိုးတက်အောင်မြင်ခဲ့ခြင်းမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစား ဆောင်ရွက်နိုင်ခြင်းများကြောင့် လည်းကောင်း၊ အစုရှယ်ယာရှင်များ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ကြသည့် Customerများ၏ ယုံကြည်မှုနှင့် အားပေးမှုကြောင့် လည်းကောင်း၊ ပြည်တွင်းညီနောင်ဘဏ်များ၏ ကူညီပံ့ပိုးမှုနှင့် ဘဏ်ဝန်ထမ်းများ၏ တာဝန်သိသိ၊ သစ္စာရှိရှိ၊ စေတနာရှိရှိ တာဝန်ထမ်းဆောင်ခဲ့ခြင်းများကြောင့် လည်းကောင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဘဏ်၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ်၏သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများအတွက်လည်း ဒါရိုက်တာအဖွဲ့မှ အထူးပင် ကျေးဇူးတင်ရှိအပ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**
**ဘဏ်လုပ်ငန်းစီမံအုပ်ချုပ်မှုအဖွဲ့၏အစီရင်ခံစာ**

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၁၇ခုနှစ် မတ်လ (၃၁)ရက်နေ့ရှိ ဘဏ္ဍာရေး အခြေအနေနှင့် ထိုနေ့ကုန်ဆုံးသောနှစ်အတွက် ဘဏ်၏ဘဏ္ဍာရေးလုပ်ဆောင်မှုရလာဒ်နှင့်ငွေသား စီးဆင်းမှုအခြေအနေများကို မှန်ကန်လုံလောက်စွာ ပြသထားသော ဘဏ္ဍာရေးရှင်းတမ်းများ ပြုစု ရေးဆွဲရန် ဘဏ်လုပ်ငန်းစီမံအုပ်ချုပ်မှုအဖွဲ့တွင် တာဝန်ရှိပါသည်။

ထိုသို့ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲတင်ပြရာတွင် ဘဏ်လုပ်ငန်းစီမံအုပ်ချုပ်မှုအဖွဲ့အနေ ဖြင့် အောက်ပါအချက်များကို လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။

- လုပ်ငန်းနှင့်သင့်တော်သော စာရင်းမူဝါဒများကို ရွေးချယ်ကျင့်သုံးခြင်းနှင့် ၄င်းမူဝါဒ များကိုလည်း အပြောင်းအလဲမရှိ စဉ်ဆက်မပြတ်ဆောင်ရွက်သွားခြင်း၊
- အကျိုးအကြောင်းခိုင်လုံ၍ ရှေ့အနာဂတ်အလားအလာများကိုပါ ထည့်သွင်းစဉ်းစားထား သည့်ဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်ခြင်း၊

ဘဏ်လုပ်ငန်းစီမံအုပ်ချုပ်မှုအနေဖြင့် ဘဏ်၏တိကျမှန်ကန်သော ဘဏ္ဍာရေးအခြေအနေ ကို အချိန်မရွေးရှင်းလင်းတင်ပြနိုင်သည့် သင့်တော်သော စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိ ရန်လည်း တာဝန်ရှိပါသည်။

ဘဏ်မှပိုင်ဆိုင်သော ငွေကြေးနှင့် ပုံသေပိုင်ပစ္စည်းများကို လေလွင့်ပျက်စီးပျောက်ဆုံး ခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းနှင့်အခြား မသမာမှုများပြုလုပ်ခြင်းတို့မှ ကာကွယ်ရန် စဉ်ဆက် မပြတ်စောင့်ကြည့်သော အစီအစဉ်များချမှတ်ဆောင်ရွက်ထားရန်လည်း တာဝန်ရှိပါသည်။

အောက်တွင်လက်မှတ်ရေးထိုးကြသော ကျွန်တော်တို့က "ဘဏ်သည်မိမိကြွေးမြီများကို စေ့ရောက်သည့်အချိန်တွင် ပေးချေနိုင်စွမ်းရှိပြီး ရရန်ရှိစာရင်းများသည်လည်း ခိုင်မာ၍ ပြန်လည် တောင်းခံရရှိနိုင်သည်"ဟု ယုံကြည်ပါသည်။

**ဘဏ်လုပ်ငန်းစီမံအုပ်ချုပ်မှုအဖွဲ့ကိုယ်စား**

| | | |
|---|---|---|
| **ဦးထွန်းလွင်** | **ဦးမြင့်ဝင်း** | **ဦးအုန်းဆိုင်** |
| **ဒါရိုက်တာ** | **အုပ်ချုပ်မှုဒါရိုက်တာ** | **ဒါရိုက်တာ** |

**ရန်ကုန်မြို့။**
**၂၀၁၇ခုနှစ် ဇွန်လ ( ၈ ) ရက်။**

## "စာရင်းစစ်အစီရင်ခံစာ"

သို့

**အစုရှယ်ယာရှင်များ**
**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းများဖြစ်သော ၃၁–၃–၂၀၁၇ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ထိုနေ့ ကုန်ဆုံးသော နှစ်အတွက် ဝင်ငွေစာရင်းရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှု ရှင်းတမ်း၊ ငွေသား စီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသည့် ဘဏ္ဍာရေး စာရင်းမူဝါဒများနှင့်အခြား ရှင်းလင်းချက် မှတ်စုများအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

**ဘဏ္ဍာရေးရှင်းတမ်းများအပေါ် ဘဏ်လုပ်ငန်းစီမံအုပ်ချုပ်မှုအဖွဲ့၏ တာဝန်**

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပြဌာန်းချက်များနှင့် မြန်မာဘဏ္ဍာရေး အစီရင်ခံခြင်း စံများနှင့်အညီ ဘဏ်၏ ဘဏ္ဍာရေးအခြေအနေကို စနစ်တကျရေးဆွဲပြုစုခြင်းနှင့် ဘဏ္ဍာရေး ရှင်းတမ်းများ မှန်ကန်မှုတို့မှာ ဘဏ်၏ လုပ်ငန်းစီမံအုပ်ချုပ်မှုအဖွဲ့၏ တာဝန်ဖြစ်ပါသည်။ အဆိုပါတာဝန်များတွင် ဘဏ်၏ မတည်အပိုင် ပစ္စည်းများအား စနစ်တကျသုံးစွဲရန် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် လုံလောက်သော ခွင့်ပြုချက်မရှိဘဲ ဘဏ်၏လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များအား လုပ်ဆောင်ခြင်း မပြုနိုင်ရန်ကြီးကြပ်ဆောင်ရွက်ခြင်း စသည့်ဌာနတွင်း ကြီးကြပ်မှု စနစ်အားစနစ်တကျ စီမံဆောင်ရွက်ခြင်း တို့ပါဝင်ပါသည်။ ထို့ပြင် ဘဏ်၏ ဘဏ္ဍာရေး အခြေအနေမှန်ကို ရေးဆွဲတင်ပြရာတွင် လုပ်ငန်း၏ မတည်အပိုင်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းထားရှိခြင်းနှင့်အတူ ဘဏ်၏ လုပ်ငန်းစီမံအုပ်ချုပ်မှုတွင် ထူးခြား အရေးပါသော ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများ ရေးဆွဲချမှတ်ထားခြင်းနှင့် စာရင်းခန့်မှန်းချက်များ ပြုစုခြင်း တို့ကို စနစ်တကျ သတ်မှတ်ထားရန် တာဝန်ရှိပါသည်။

**စာရင်းစစ်၏တာဝန်**

စာရင်းစစ်၏တာဝန်မှာ စာရင်းစစ်ချက်များကို အခြေပြုလျှက် ယင်းဘဏ္ဍာရေးရှင်းတမ်းများ အပေါ် ထင်မြင်ယူဆချက် ပေးရန်ဖြစ်ပါသည်၊ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံစာရင်းစစ်စံများနှင့်အညီ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းစံများအရ စာရင်းစစ်ဆေးရာတွင် လိုက်နာရမည့် ကျင့်ဝတ်တာဝန်များနှင့်အညီ ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများသည် အရေးပါသော မှားယွင်း ဖော်ပြမှုများ ကင်းရှင်းကြောင်း၊ ကျိုးကြောင်းဆီလျော်သေချာမှု ရှိစေရန် အစီအစဉ်များ ရေးဆွဲပြီး စစ်ဆေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

စာရင်းစစ်ဆေးရာ၌ ဘဏ္ဍာရှင်းတမ်းများတွင် ထုတ်ဖော်ပြသချက်များနှင့် ကျသင့်ငွေများအတွက် အထောက်အထားများ ရယူလျှက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စမ်းသပ်စစ်ဆေးခြင်းများ ပါဝင်ပါသည်။ ထိုသို့ လုပ်ထုံးလုပ်နည်းများ ရွေးချယ် ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးရှင်းတမ်းများတွင် အရေးပါသောမှားယွင်းမှုများမှာ လိမ်လည်မှု၊ မှားယွင်းမှုများကြောင့် ဟုတ်မဟုတ် စသည်ဖြင့် ရွေးချယ်ဆုံးဖြတ် ဆောင်ရွက်ချက်များလည်း ပါဝင်ပါသည်။ ထို့ပြင် စစ်ဆေးမှုတွင် ကျင့်သုံးနေသော စာရင်းကိုင် မူဝါဒများ၏ ထိရောက်မှု အကဲဖြတ်ခြင်းနှင့် စီမံအုပ်ချုပ်မှုအဖွဲ့၏ ထူးခြားအရေးပါသော စာရင်းခန့်မှန်း ချက်များအပြင် ဘဏ္ဍာရေးရှင်းတမ်းများ တင်ပြမှုတို့အပေါ် ခြုံငုံသုံးသပ်ခြင်းတို့လည်း ပါဝင်ပါသည်။

စာရင်းစစ်ဆေးရာတွင် ရရှိခဲ့သော အထောက်အထားများသည် စာရင်းစစ်ထင်မြင်ယူဆချက် ပေးရန်အတွက် လုံလောက်သင့်လျော်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

**စာရင်းစစ်ထင်မြင်ယူဆချက်**

(၁) ဘဏ်၏ စီမံအုပ်ချုပ်မှုဒါရိုက်တာအဖွဲ့သို့ ပေးပို့သည့်စာမှအပ ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပြဋ္ဌာန်းချက်များနှင့် မြန်မာဘဏ္ဍာရေး အစီရင်ခံခြင်းစံများနှင့်အညီ ပြုစုရေးဆွဲထားပြီး ၂၀၁၇ခုနှစ်၊မတ်လ(၃၁)ရက်နေ့ရှိ ဘဏ်၏ ဘဏ္ဍာရေးအခြေအနေနှင့် ထိုနေ့ ကုန်ဆုံးသော နှစ်အတွက် လုပ်ငန်းရလာဒ်များနှင့် ငွေသားစီးဆင်းမှုအခြေအနေကို မှန်ကန်လုံလောက်စွာ ဖော်ပြထား ပါကြောင်း ကျွန်ုပ်တို့ ရရှိသော အချက်အလက် ရှင်းလင်းချက်များနှင့် ဘဏ်၏ စာရင်းစာအုပ်များအရ ထင်မြင်ယူဆပါသည်။

(၂) ကျွန်ုပ်တို့မှ လိုအပ်သော သတင်း အချက်အလက်များနှင့် ရှင်းလင်းချက်များ အားလုံးကို ရရှိပါသည်။

(၃) ဥပဒေအရထားရှိရန် လိုအပ်သော စာအုပ်များနှင့်မှတ်တမ်းများကို မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ (၁၃၀)အရ ထားရှိပါသည်။

၂၀၁၆ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ၈၉(က)နှင့်အညီဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများသည် ဘဏ်၏ ဘဏ္ဍာရေးအခြေအနေအမှန်ကို လုံလောက်လျော်ကန်စွာ ပြသထားသည်ဟု ထင်မြင်ယူဆကြောင်းကိုလည်း အစီရင်ခံအပ်ပါသည်။

**(မောင်မောင်အောင်)**
**လက်မှတ်ရပြည်သူ့စာရင်းကိုင်**
**ဦးလှထွန်းနှင့်အဖွဲ့လီမိတက်**
**၆၄ဘီ၊ပထပ်၊ရွှေဂုံပလာဇာ၊ကိုယ်မင်းကိုယ်ချင်းလမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

နေ့စွဲ - ၂၀၁၇ခုနှစ်၊ဇွန်လ ( ၉ )ရက်။

# မြန်မာနိုင်ငံသားများဘဏ်လီမိတက်

## ၂၀၁၇ခုနှစ် မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

(ကျပ်ထောင်ပေါင်း)

| **ရပိုင်ခွင့်များ** | မှတ်စု | ၂၀၁၇ | ၂၀၁၆ |
|---|---|---|---|
| ဘဏ်ရှိငွေနှင့်အခြားဘဏ်များရှိငွေ | ၃ | ၂၆,၂၁၄,၂၉၈ | ၄၀,၄၁၆,၅၉၉ |
| ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေ | ၄ | ၁၅၉,၈၃၈,၀၀၉ | ၁၁၅,၂၇၅,၈၄၉ |
| ကြိုတင်ပေးငွေများနှင့် ရရန်ရှိငွေများ | ၅ | ၆,၈၄၂,၈၀၃ | ၇,၅၆၉,၆၁၈ |
| ရင်းနှီးမြှုပ်နှံငွေများ | ၆ | ၄၇,၄၉၀,၅၆၉ | ၅၀,၈၅၁,၇၉၃ |
| ပုံသေပိုင်ပစ္စည်းများ | ၇ | ၉,၇၅၁,၂၃၉ | ၈,၀၅၆,၄၀၈ |
| စရိတ်ရွှေ့ဆိုင်း | ၈ | ၂၄,၉၈၈ | ၅၈,၈၃၆ |
| အာမခံခြင်း/လက်မှတ်ရေးထိုးခြင်းနှင့်လက်ခံခြင်းများ | | ၈,၉၃၃,၁၃၆ | ၇,၅၈၃,၇၁၆ |
| **စုစုပေါင်းရပိုင်ခွင့်များ** | | ၂၅၉,၀၉၅,၀၄၂ | ၂၂၉,၈၁၂,၈၁၉ |
| **ပေးရန်တာဝန်များ** | | | |
| စုစုပေါင်းအပ်ငွေများ | ၉ | ၁၇၀,၃၄၃,၇၂၀ | ၁၄၄,၃၇၀,၂၆၄ |
| အခြားပေးရန်တာဝန်များ | ၁၀ | ၇,၅၃၁,၂၁၂ | ၁၀,၇၅၅,၇၆၅ |
| ငွေပေးအမိန့်လွှာများ | | ၅၂၆,၅၉၀ | ၂၉၇,၅၀၆ |
| ဝင်ငွေခွန်လျာထားငွေ | | ၁,၉၈၄,၅၃၇ | ၁,၇၈၈,၃၆၁ |
| မတောင်းခံသေးသောအမြတ်ဝေစု | | ၈၁,၁၅၉ | ၁၅၃,၀၃၈ |
| အမြတ်ဝေစုလျာထားငွေ | | ၃,၁၂၀,၂၉၆ | ၃,၃၉၇,၃၇၇ |
| အာမခံခြင်း/လက်မှတ်ရေးထိုးခြင်းနှင့်လက်ခံခြင်းများ | | ၈,၉၃၃,၁၃၆ | ၇,၅၈၃,၇၁၆ |
| **စုစုပေါင်းပေးရန်တာဝန်များ** | | ၁၉၂,၅၂၀,၆၅၀ | ၁၆၈,၃၄၆,၀၂၇ |
| **အစုရှယ်ယာရှင်များ၏ရပိုင်ခွင့်** | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၁၁ | ၅၂,၀၀၄,၉၃၀ | ၄၉,၈၆၉,၇၆၅ |
| ရှယ်ယာပရီမီယံ | | ၅,၁၁၉,၇၃၃ | ၄,၇၉၉,၄၅၈ |
| <u>သီးသန့်ငွေ၊ ရံပုံငွေနှင့် အမြတ်လက်ကျန်များ</u> | ၁၂ | | |
| ဥပဒေပြဋ္ဌာန်းအထွေထွေသီးသန့်ငွေ | | ၅,၇၈၈,၆၅၉ | ၄,၃၂၂,၈၅၂ |
| အထွေထွေလျာထားငွေ (ချေးငွေ) | | ၃,၁၁၆,၇၆၀ | ၂,၃၀၅,၅၁၈ |
| အရေးပေါ်ကိစ္စများအတွက် သီးသန့်ရံပုံငွေ | | ၁၂,၀၀၀ | ၁၀,၀၀၀ |
| ငွေလဲလှယ်မှုညှိနှိုင်းရံပုံငွေ | | – | ၇၅,၁၈၂ |
| အမြတ်မခွဲဝေလက်ကျန် | | ၃၃၂,၃၁၀ | ၈၄,၀၁၇ |
| **စုစုပေါင်းအစုရှယ်ယာရှင်များပိုင်ဆိုင်ခွင့်** | | ၆၆,၅၇၄,၃၉၂ | ၆၁,၄၆၆,၇၉၂ |
| **စုစုပေါင်းအစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ** | | ၂၅၉,၀၉၅,၀၄၂ | ၂၂၉,၈၁၂,၈၁၉ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက် စာရင်းမှတ်စုများကို ကြည့်ပါရန်

Authenticated by Directors;

(ဦးထွန်းလွင်)
ဒါရိုက်တာ

(ဦးမြင့်ဝင်း)
အုပ်ချုပ်မှုဒါရိုက်တာ

(ဦးအုန်းဆိုင်)
ဒါရိုက်တာ

၂၀၁၇ခုနှစ်၊ မေလ (၂၅) ရက်

# မြန်မာနိုင်ငံသားများဘဏ်လီမိတက်
# ၂၀၁၇ခုနှစ် မတ်လ(၃၁)ရက် ကုန်ဆုံးသောနှစ်အတွက်
# ဝင်ငွေစာရင်းရှင်းတမ်း

| | | | (ကျပ်ထောင်ပေါင်း) |
|---|---|---|---|
| | | ၂၀၁၇ | ၂၀၁၆ |
| စုစုပေါင်းအတိုးဝင်ငွေ | ၁၃ | ၂၃,၀၃၄,၇၁၃ | ၁၆,၁၂၂,၆၅၇ |
| စုစုပေါင်းအတိုးစရိတ် | ၁၄ | (၁၁,၅၇၅,၈၇၉) | (၈,၉၉၄,၇၆၀) |
| အသားတင်အတိုးဝင်ငွေ | | ၁၁,၄၅၈,၈၃၄ | ၇,၁၂၇,၈၉၇ |
| အခြားလုပ်ဆောင်မှုဝင်ငွေများ | ၁၅ | ၆,၆၂၇,၁၅၂ | ၅,၈၀၂,၇၂၄ |
| **စုစုပေါင်းလုပ်ဆောင်မှုဝင်ငွေ** | | **၁၈,၀၈၅,၉၈၆** | **၁၂,၉၃၀,၆၂၁** |
| **လုပ်ဆောင်မှုစရိတ်များ** | | | |
| ဝန်ထမ်းစရိတ်များ | ၁၆ | (၄,၁၈၄,၀၈၄) | (၂,၃၆၃,၆၂၂) |
| အခြားလုပ်ဆောင်မှုစရိတ်များ | ၁၇ | (၄,၀၈၄,၃၈၃) | (၃,၄၇၁,၅၆၉) |
| **စုစုပေါင်းလုပ်ဆောင်မှုစရိတ်များ** | | **(၈,၂၆၈,၄၆၇)** | **(၅,၈၃၅,၁၉၁)** |
| အသားတင်အမြတ်(အခွန်မနှုတ်မီ) | | ၉,၈၁၇,၅၁၉ | ၇,၀၉၅,၄၃၀ |
| အမြတ်ဝေစုရငွေ | | ၁၂၀ | ၂၈ |
| ဝင်ငွေခွန်လျာထားချက် | | (၃,၉၈၄,၅၃၈) | (၁,၇၈၈,၁၇၁) |
| **အသားတင်အမြတ်(အခွန်နှုတ်ပြီး)** | | **၅,၈၃၃,၁၀၁** | **၅,၃၀၇,၂၈၇** |
| **သီးသန့်ငွေ၊ ရံပုံငွေနှင့်လျာထားငွေများ** | | | |
| ဥပဒေပြဋ္ဌာန်းအထွေထွေသီးသန့်ငွေ | | (၁,၄၆၅,၈၀၇) | (၁,၃၃၁,၆၂၀) |
| အထွေထွေလျာထားငွေ (ချေးငွေ) | | (၈၉၁,၂၄၃) | (၅၆၃,၁၈၂) |
| သီးသန့်လျာထားငွေ (ချေးငွေ) | | (၁၂၀,၀၀၀) | - |
| အရေးပေါ်ကိစ္စများအတွက် သီးသန့်ရံပုံငွေ | | (၂,၀၀၀) | (၅,၀၀၀) |
| **အမြတ်လက်ကျန်** | | **၃,၃၅၄,၀၅၁** | **၃,၄၀၇,၄၈၅** |

ဘဏ္ဍာရေးရှင်းတမ်းများအတွက် စာရင်းမှတ်စုများကို ကြည့်ပါရန်

Authenticated by Directors;

| | | |
|---|---|---|
| (ဦးထွန်းလွင်) | (ဦးမြင့်ဝင်း) | (ဦးအုန်းဆိုင်) |
| ဒါရိုက်တာ | အုပ်ချုပ်မှုဒါရိုက်တာ | ဒါရိုက်တာ |

၂၀၁၇ခုနှစ်၊ မေလ (၂၅) ရက်

# မြန်မာနိုင်ငံသားများအာဏ်လီမိတက်

## ၂၀၁၇ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ကုန်ဆုံးသောနှစ်အတွက်
## အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း

(ကျပ်ထောင်ပေါင်း)

| | ထုတ်ဝေပေးသွင်းပြီး ရင်းနှီးငွေ | ရှယ်ယာ ပရီမီယံ | ဥပဒေပြဌာန်း အထွေထွေ သီးသန့်ငွေ | အထွေထွေ လျာထားငွေ (ချေးငွေ) | အရေးပေါ်ကိစ္စများ အတွက် သီးသန့်ရံပုံငွေ | ငွေလဲလှယ်မှု ညှိနှိုင်းရံပုံငွေ | အမြတ် မခွဲဝေ လက်ကျန် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| – ၁.၄.၂၀၁၅ နေ့ရှိလက်ကျန်များ | ၃၇,၁၁၂,၈၂၆ | ၂,၈၈၅,၉၁၇ | ၂,၉၉၁,၂၃၂ | ၁,၇၄၂,၃၃၆ | ၅,၀၀၀ | ၇၅,၁၈၂ | ၈၆,၇၉၈ | ၄၄,၈၉၉,၂၉၁ |
| **နှစ်အတွင်းပြောင်းလဲမှုများ** | | | | | | | | |
| – အစုရှယ်ယာများထုတ်ဝေရောင်းချခြင်း | ၁၂,၇၅၆,၉၃၉ | – | – | – | – | – | – | ၁၂,၇၅၆,၉၃၉ |
| – ပရီမီယံကြေးရရှိခြင်း | – | ၁,၉၁၃,၅၄၁ | – | – | – | – | – | ၁,၉၁၃,၅၄၁ |
| – သီးသန့်ငွေများလျာထားခြင်း | – | – | ၁,၃၃၁,၆၂၀ | ၅၆၃,၁၈၂ | ၅,၀၀၀ | – | – | ၁,၈၉၉,၈၀၂ |
| – အသားတင်အမြတ် | – | – | – | – | – | – | ၃,၄၀၇,၄၈၅ | ၃,၄၀၇,၄၈၅ |
| – စာရင်းညှိနှိုင်းချက် | – | – | – | – | – | – | (၁၂,၈၈၉) | (၁၂,၈၈၉) |
| – အမြတ်ဝေစုလျာထား | – | – | – | – | – | – | (၃,၃၉၇,၃၇၇) | (၃,၃၉၇,၃၇၇) |
| ၃၁–၃–၂၀၁၆နေ့ရှိလက်ကျန်များ | ၄၉,၈၆၉,၇၆၅ | ၄,၇၉၉,၄၅၈ | ၄,၃၂၂,၈၅၂ | ၂,၃၀၅,၅၁၈ | ၁၀,၀၀၀ | ၇၅,၁၈၂ | ၈၄,၀၁၇ | ၆၁,၄၆၆,၇၉၂ |
| **နှစ်အတွင်းပြောင်းလဲမှုများ** | | | | | | | | |
| – အစုရှယ်ယာများထုတ်ဝေရောင်းချခြင်း | ၂,၁၃၅,၁၆၅ | – | – | – | – | – | – | ၂,၁၃၅,၁၆၅ |
| – ပရီမီယံကြေးရရှိခြင်း | – | ၃၂၀,၂၇၅ | – | – | – | – | – | ၃၂၀,၂၇၅ |
| – သီးသန့်ငွေများလျာထားခြင်း | – | – | ၁,၄၆၅,၈၈၇ | ၁,၀၁၁,၂၄၂ | ၂,၀၀၀ | – | – | ၂,၄၇၉,၁၂၉ |
| – အသားတင်အမြတ် | – | – | – | – | – | – | ၃,၃၅၄,၀၅၁ | ၃,၃၅၄,၀၅၁ |
| – စာရင်းညှိနှိုင်းချက်များ | – | – | – | – | – | (၇၅,၁၈၂) | ၁၄,၅၃၈ | (၆၀,၆၄၄) |
| – အမြတ်ဝေစုလျာထား | – | – | – | – | – | – | (၃,၁၂၀,၂၉၆) | (၃,၁၂၀,၂၉၆) |
| ၃၁–၃–၂၀၁၇နေ့ရှိလက်ကျန်များ | ၅၂,၀၀၄,၉၃၀ | ၅,၁၁၉,၇၃၃ | ၅,၇၈၈,၇၃၉ | ၃,၃၁၆,၇၆၀ | ၁၂,၀၀၀ | – | ၃၃၂,၃၁၀ | ၆၆,၅၇၄,၃၉၂ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက် စာရင်းမှတ်စုများကို ကြည့်ပါရန်။

# မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## ၂၀၁၇ခုနှစ် မတ်လ(၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
## ငွေသားစီးဆင်းမှုရှင်းတမ်း

(ကျပ်ထောင်ပေါင်း)

| | ၂၀၁၇ | ၂၀၁၆ |
|---|---|---|
| (က) လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | |
| – အတိုးရငွေနှင့်အခြားလုပ်ဆောင်မှုရငွေ | ၂၇,၆၆၁,၈၆၅ | ၂၁,၉၂၅,၃၈၁ |
| – အတိုးစရိတ်ပေးငွေ | (၁၁,၅၇၅,၈၇၉) | (၈,၉၉၄,၇၆၀) |
| – ဝန်ထမ်းများနှင့်အခြားသူများသို့ပေးငွေများ | (၇,၇၇၀,၇၄၇) | (၅,၄၆၃,၄၃၉) |
| လုပ်ငန်းဆောင်ရွက်မှုရပိုင်ခွင့်များနှင့်ပေးရန်တာဝန်များ ပြောင်းလဲမှုများမပါဝင်သေးသောလုပ်ငန်းဆောင်ရွက်မှုအမြတ် | ၈,၃၁၅,၂၃၉ | ၇,၄၆၇,၁၈၂ |
| **လုပ်ငန်းဆောင်ရွက်မှုရပိုင်ခွင့်များပြောင်းလဲမှု** | | |
| - ချေးငွေနှင့်စာရင်းပိုထုတ်ငွေတိုးလာခြင်း | (၄၄,၅၆၂,၁၆၀) | (၂၈,၁၅၉,၀၆၉) |
| - ကြိုတင်ပေးငွေ၊စပေါ်ငွေ၊ ရရန်ရှိငွေများ တိုးလာခြင်း | ၉၂၂,၉၉၂ | (၂၆၀,၉၁၉) |
| **လုပ်ငန်းဆောင်ရွက်မှုပေးရန်တာဝန်များပြောင်းလဲမှု** | | |
| - အပ်နှံငွေများတိုးလာခြင်း | ၂၅,၉၇၃,၄၅၆ | ၄၁,၁၉၁,၁၂၈ |
| - အခြားပေးရန်တာဝန်များ(လျော့သွားခြင်း)/တိုးလာခြင်း | (၁,၁၉၉,၀၄၉) | ၆,၁၉၈,၁၄၅ |
| ဝင်ငွေခွန်မနုတ်မီ လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/(စီးထွက်မှု) | (၁၂,၅၄၆,၅၂၂) | ၂၆,၄၃၆,၆၆၇ |
| - ဝင်ငွေခွန်ပေးချေငွေ | (၁,၉၇၀,၀၀၀) | (၁,၇၇၀,၀၀၀) |
| လုပ်ငန်းဆောင်ရွက်မှုများအရအသားတင်ငွေသားစီးဝင်မှု | (၁၄,၅၁၆,၅၂၂) | ၂၄,၆၆၆,၆၆၇ |
| (ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသားစီးဆင်းမှု | | |
| - အစိုးရငွေတိုက်စာချုပ်များနှင့်အခြားရင်းနှီးမြှုပ်နှံမှု/(ဝယ်ယူမှု)ထုတ်နှုတ်မှု | ၃,၃၆၁,၂၂၄ | (၁၉,၂၃၁,၂၇၅) |
| - အမြတ်ဝေစုရငွေ | ၁၂၀ | ၂၁၈ |
| - ပုံသေပိုင်ပစ္စည်းဝယ်ယူမှုများ | (၂,၀၃၀,၂၆၆) | (၃,၀၇၀,၈၈၁) |
| ရင်းနှီးမြှုပ်နှံမှုများမှအသားတင်ငွေသားစီးဝင်မှု/(စီးထွက်မှု) | ၁,၃၃၁,၀၇၈ | (၂၂,၃၀၁,၈၆၈) |
| (ဂ) ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များအရငွေသားစီးဆင်းမှုများ | | |
| - အစုရှယ်ယာများထုတ်ဝေရောင်းချခြင်း | ၂,၄၅၅,၄၀၀ | ၁၄,၆၇၀,၄၈၀ |
| - အမြတ်ဝေစုထုတ်ပေးငွေ | (၃,၄၆၉,၂၅၇) | (၂,၂၁၆,၂၀၁) |
| ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များအရငွေသားစီးဝင်မှု/(စီးထွက်မှု) | (၁,၀၁၃,၈၅၇) | ၁၂,၄၅၄,၂၇၉ |
| ငွေနှင့်ငွေသားညီမျှသောကရိယာများအသားတင်တိုးလာမှု/(လျော့သွားမှု)(က+ခ+ဂ) | (၁၄,၂၀၂,၃၀၁) | ၁၄,၈၁၉,၀၇၈ |
| နှစ်စရှိငွေနှင့်ဘဏ်လက်ကျန် (ဧပြီလ - ၁ရက်) | ၄၀,၄၁၆,၅၉၉ | ၂၅,၅၉၇,၅၂၁ |
| နှစ်ဆုံးရှိငွေနှင့်ဘဏ်လက်ကျန် (မတ်လ - ၃၁ရက်) | ၂၆,၂၁၄,၂၉၈ | ၄၀,၄၁၆,၅၉၉ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်စာရင်းမှတ်စုများကိုကြည့်ပါရန်။